# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ -၁၈၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား



မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့ ဒီနေ့လို မင်္ဂလာရှိလှတဲ့ မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူအားလုံးအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံး ဘေးဘယာများကင်းဝေးပြီး စိတ္တသုခ၊ ကာယသုခတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပြီးခဲ့တဲ့နှစ်ဟောင်းကာလမှာ သဘာဝဘေးအန္တရာယ်တွေနဲ့ နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခံစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ရာဂီမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြို့ရွာတချို့မှာ ရုတ်တရက် ရေကြီးရေလျှံမှုတွေဖြစ်ခဲ့သလို မတ်လ ၂၈ ရက်နေ့မှာလည်း ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ အလွန်ပြင်းထန်တဲ့ မြေငလျင်လှုပ်ခတ်မှုဒဏ်ကို ကြုံတွေ့ခံစားခဲ့ရပါတယ်။ ထိခိုက်ပျက်စီးမှုနဲ့ သေဆုံးဒဏ်ရာရမှုများပြားလှတဲ့အတွက်ကြောင့် ငလျင်ဒဏ်သင့်ဒေသတွေမှာ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အကူအညီများစွာလိုအပ်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပအကူအညီတွေကို ဖိတ်ခေါ်ခဲ့သလို ထိုင်းနိုင်ငံမှာကျင်းပတဲ့ ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေး တက်ရောက်စဉ်မှာလည်း အစည်းအဝေးတက်ရောက်လာတဲ့ နိုင်ငံခေါင်းဆောင်များနဲ့ တွေ့ဆုံပြီး မြေငလျင်နဲ့ ပတ်သက်လို့ အကူအညီတောင်းခံခဲ့ပါတယ်။ ငလျင်ဘေးသင့် ဒေသတွေမှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးကြတဲ့ ပြည်တွင်းပြည်ပက ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနဲ့ ငလျင်ဘေးသင့်ပြည်သူတွေအတွက် လိုအပ်တဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ❖


ယနေ့ ဖတ်စရာ

**မြန်မာနှစ်ကူး စိတ်ကူးလားရာ စိတ်ဓာတ်ခွန်အား မျှဝေခြင်းဖြင့်သာ**
ဆောင်းပါး | စာ ၁၀

**ကပ်ရောဂါဆိုင်ရာ သဘောတူညီချက်မူကြမ်းကို မေလ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး၌ အတည်ပြုဖွယ်ရှိ**




နိုင်ငံတကာသတင်း | စာ ၂၀

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ**
ပြည်တွင်းသတင်း | စာ ၁၉

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ ဘော့စ်နီးယားနှင့် ဟာဇီးဂိုးဗီးနားနိုင်ငံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ဘော့စ်နီးယားနှင့် ဟာဇီးဂိုးဗီးနားနိုင်ငံ သမ္မတရုံးဥက္ကဋ္ဌ မစ္စ ဂျယ်လီကာ ဆီဂျန်နိုဗစ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်သောငလျင်ကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲမိပါကြောင်း၊ မြန်မာနိုင်ငံအပေါ် ဆိုးရွားစွာ သက်ရောက်ခဲ့သည့် အဖြစ်ဆိုးကြီးအတွက် မိမိမှ အထူးပင်ဝမ်းနည်းကြေကွဲကြောင်း၊ ယခုအဖြစ်ဆိုးကြီးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ပြန်လည် ကောင်းမွန်လာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အဆွေတော်

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်သောမြေငလျင်ကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲမိပါသည်။

မြန်မာနိုင်ငံအပေါ် ဆိုးရွားစွာသက်ရောက်ခဲ့သည့် အဖြစ်ဆိုးကြီး အတွက် မိမိမှ အထူးပင် ဝမ်းနည်းကြေကွဲကြောင်းကို ပြောကြားအပ်ပါသည်။

ယခုအဖြစ်ဆိုးကြီးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ပြန်လည် ကောင်းမွန်လာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မစ္စ ဂျယ်လီကာ ဆီဂျန်နိုဗစ်**
**သမ္မတရုံးဥက္ကဋ္ဌ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

## ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်တဲ့ အစိုးရရုံးဌာနများ ပြန်လည်တည်ဆောက်ရေး၊ ပြည်သူတွေရဲ့ အိုးအိမ်နဲ့လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးတို့ကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်သွားပါမယ်

❖ *ရှေ့ဖုံးမှ*

ထောက်ပံ့ရေးပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းများနဲ့ အလှူငွေများကို ပေးအပ်လှူဒါန်းပေးကြတဲ့ ပြည်ပနိုင်ငံများနဲ့ ပြည်တွင်းက အလှူရှင်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်းပြောလိုပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ငလျင်ဒဏ်ခံဒေသတွေရဲ့ ပြန်လည်တည်ဆောက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံး ဆောင်ရွက်ပေးသွားပါမယ်။ မိဘပြည်သူများရဲ့ စုပေါင်းအားနဲ့ ဆောင်ရွက်ရင် ပုံမှန်အခြေအနေကို အမြန်ဆုံး ရောက်ရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု တည်ဆောက်ရေးကို ကျွန်တော်တို့အစိုးရက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိနေပါတယ်။ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အမြန်ဆုံး ပြန်လည်အကောင်အထည် ဖော်ပေးနိုင်ဖို့အတွက် လာမယ့် ဒီဇင်ဘာလအတွင်းမှာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ် လိုလားတယ်ဆိုရင် အဓိကဖြစ်တဲ့ ရွေးကောက်ပွဲအောင်အောင်မြင်မြင် ပြီးမြောက်နိုင်ဖို့အတွက် မိဘပြည်သူများအနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်ပေးနိုင်ဖို့ အစဉ်သဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်တဲ့ အစိုးရရုံးဌာနများ ပြန်လည်တည်ဆောက်ရေး၊ ပြည်သူတွေရဲ့ အိုးအိမ်နဲ့လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးတို့ကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်သွားပါမယ်။ နိုင်ငံရဲ့စီးပွားရေးကို မြှင့်တင်နိုင်ဖို့အတွက် အဓိကကျတဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းတွေကို အားစိုက်ခွန်စိုက် တိုးမြှင့်လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ အလားတူပဲ MSME လုပ်ငန်းလုပ်ကိုင်နေသူအားလုံးဟာလည်း ရှိတဲ့အနေအထားအတွင်းမှာ ဖြစ်နိုင်သမျှ ကြိုးစားပြီး ကုန်ထုတ်လုပ်မှုများ ပြုလုပ်ကြစေလိုပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရေးကလည်း အရေးကြီးလှ ပါတယ်။ ဒါကြောင့် လာမယ့်ပညာသင်နှစ်မှာ ကျောင်းနေအရွယ်ကလေး အားလုံး မပျက်မကွက် ပညာသင်ကြားနိုင်ရေးကို အလေးထားပြီးတော့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တည်ငြိမ်အေးချမ်းမှု လိုအပ်ပါတယ်။ ဒါကြောင့်လည်း ရေရှည်တည်တံ့ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဖော်ဆောင်နေပါတယ်။ လက်ရှိ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို အဆုံးသတ်နိုင်ဖို့ ကျွန်တော်တို့အစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းကြဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီးလည်းဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ ဖြစ်ကြတဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်ကို ရင်ဝယ်ပိုက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

နှစ်ဟောင်းမှာ ကျွန်တော်တို့ကြုံတွေ့ခဲ့တဲ့ ဘေးဒုက္ခတွေ၊ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကနေ အားနည်းချက်တွေကို သင်ခန်းစာယူ ဖော်ထုတ်ပြီး နှစ်သစ်မှာ အတွေးသစ်၊ အမြင်သစ်နဲ့ နိုင်ငံတော်က ဆက်လက်လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီဖော်ဆောင်မှုမှာ နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့လို့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နှစ်သစ်ကူး ဩဝါဒကထာ

"ဖြဟ္မစိုရ်လေးဖြာ ပွားကြပါ"

ယနေ့သည် မြန်မာတို့၏ သက္ကရာဇ်ဖြစ်သော ၁၃၈၆ - ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်း ကုန်ပျောက်၍ ၁၃၈၇-ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည့် ကောင်းမြတ်သော မင်္ဂလာရှိသော အချိန်အခါ ဖြစ်ပါသည်။

ဤနှစ်သစ်သို့မရောက်မီ နှစ်ဟောင်းကုန်ခါနီး အချိန်တွင် မြန်မာပြည်နေရာအနှံ့၌ **"လောကထုံးစံ၊ လောကဓံကား၊ မကြုံလည်းဖြစ်၊ ကြုံလည်းနစ်၏၊"**ဟု ရှေးပညာရှိများ မိန့်ဆိုတော်မူသော မိန့်ဆိုမှုနှင့် အညီ မိမိတို့ မည်သို့မျှ ထင်မှတ်မထားသော အလွန်ပြင်းထန်သော စိုးရိမ်ကြောက်လန့်ဖွယ် ဖြစ်သော မြေငလျင်ဘေးကြီးနှင့် တွေ့ကြုံခဲ့ကြရာ လောကသဘာဝအရ ဖြစ်ပေါ်ခံစားခဲ့ကြရသော ဤကဲ့သို့သော ဘေးဆိုးကြီးများ နောင်မဖြစ်ပေါ် မတွေ့ကြုံမခံစားနိုင်ကြပါစေရန် အထူးဆုမွန်ကောင်း တောင်းလျက် ရဟန်းရှင်လူ၊ ပြည်သူအများတို့ အနာရောဂါများ ကင်းကြစေရန်၊ဘေးရန်အန္တရာယ် ရန်စွယ်ဟူသမျှတို့မှ ကင်းဝေးကြစေရန် ရပ်ရည်၊ အဆင်းနှင့် ပြည့်စုံကြစေရန်၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အသက်ရှည်ခြင်း...စသော အကျိုး တရားများနှင့် ပြည့်စုံနိုင်ကြစေရန်

"ဖြဟ္မစိုရ်လေးဖြာ တည်ကြခါမှ၊ သတ္တဝါဟူ ဦးမည်းဖြူတို့၊



ရှင်လူခပင်း၊ ရောဂါကင်းလျက် ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊

ချမ်းသာခွန်အား၊ သက်ရှည်ပွား၏" ဟူသော မဃဒေဝလင်္ကာသစ်၌

မိန့်ဆိုထားသည်နှင့်အညီ...

- သတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားသော အခြင်းအရာအားဖြင့်ဖြစ်သော မေတ္တာတရား၊

- ဆင်းရဲနွမ်းပါးသော ဒုက္ခိတ - သတ္တဝါများကို မြင်လျှင် ၎င်းတို့၏ ဆင်းရဲဒုက္ခကို ပယ်လိုသော အားဖြင့် သူတော်ကောင်းတို့၏ စိတ်နှလုံးတုန်လှုပ်ခြင်းကို ပြုတတ်သော ကရုဏာတရား၊

- ချမ်းသာသော သတ္တဝါတို့ကိုမြင်လျှင် ကြည်လင်ဝမ်းမြောက်တတ်သော မုဒိတာတရား၊

- သုခဒုက္ခတို့နှင့် မဆန့်ကျင်သည်ဖြစ်၍ အသင့်အလျော်အားဖြင့် အညီအမျှ ရှုတတ်သော ဥပေက္ခာတရား။ ဟုဆိုအပ်သော ဖြဟ္မစိုရ်လေးပါး မြတ်တရားတို့ကို နှစ်သစ်မင်္ဂလာ ဤချိန်ခါမှစ၍ အမြဲမပြတ် ပွားများအားထုတ်တော်မူကြလျက် ပြည်သူ/ပြည်သားများနှင့် ကမ္ဘာသူ/ကမ္ဘာသား အားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒအဝဝတို့ ပြည့်စုံနိုင်ကြပါစေကြောင်း မေတ္တာရေ သွန်းလောင်းကာ ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။

## သီတဂူဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဇဓမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ သီတဂူဆေးရုံတော်များနှင့် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသီတဂူဆရာတော်၏ ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ် - နှစ်ကူး ဩဝါဒကထာ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ရေးသားတော်မူသော သံဝေဂဆုံးမစာ



သီတဂူဆရာတော်၏
၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ် - နှစ်ကူး ဩဝါဒကထာ
မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ရေးသားတော်မူသော
သံဝေဂဆုံးမစာ

**ကပ္ပကသာယကလိယုဂေ၊ ဗုဒ္ဓုပ္ပါဒေါ အဟော မဟစ္ဆရိယံ။**
**ဟုတာဝဟမဒ္ဓေ ဓာတံ၊ သမုဒိတမကရန္ဒမရဝိန္ဒံ။**

**ကပ္ပကသာယကလိယုဂေ** - စားသွန့်ခံတွင်း အလွန်ဖျင်းလှ၍ လွန်မင်းဆိုးစွာသော အရသာဖန်သကဲ့သို့ သတ္တဝါတို့သန္တာန်မှာ လွန်စွာဆိုးလှ၍ ရသာဖန်စုတ်နှင့် တူရကား ဖန်စုတ်, ချဉ်စုတ်, ခါးစုတ်, စပ်စုတ်၊ ဖန်စူး, ချဉ်စူး, ခါးစူး, စပ်စူး။ ဖန်ရှား, ချဉ်ရှား, ခါးရှား, စပ်ရှား သည်ဟုဆိုအပ်သော၊ လွန်စွာဆုတ်ယုတ် တရားငုပ်သည့် ကလိယုဂ် ဆုတ်ကပ် အခါဆိုးကြီး၌၊

**ဗုဒ္ဓုပ္ပါဒေါ** - ဝတ်ဆံရှက်ရုံ ဂုဏ်ပေါင်းခြုံလျက် ပဒုံဘုန်းမော် ပွင့်ပေါ်တော်မူလာရခြင်းသည်၊

**အဟော မဟစ္ဆရိယံ** - လက်ဖျစ်တီး၍ ကြီးစွာသော အံ့ဩဖွယ်ပေတကား။

**သမုဒိတမကရန္ဒ** - ပေါင်းစုရစ်ခြုံ ဝတ်ဆံရုံလျက်၊ ဝါ- ပေါင်းစုရစ်ခြုံ ဝတ်ဆံရုံသော၊

**အရဝိန္ဒ** - ပွင့်ချပ်တစ်ရာ ပဒုမ္မာကြာပန်းသည်၊

**ဟုတာဝဟမဒ္ဓေ** - အလျှံဟုန်ဟုန် ရဲရဲတုန်သော မီးပုံကြီးအလယ်၌၊

**ဓာတံ** (ဓာတံ ဣဝ) - လန်းလန်းဆန်းဆန်းပွင့်ထွန်းပေါက်ရောက်လာသကဲ့သို့ပါပေတကား။

**ကလိယုဂေ သမာယာတေ၊ သဗ္ဗပါပေကမန္ဒိရေ။**
**ဧကပါဒေါ ဘဝေ ဓမ္မော၊ သဗ္ဗေ ပါပရတာ ဇနာ။**

**သဗ္ဗပါပေကမန္ဒိရေ** - မကောင်းမှုအားလုံး၏ စုရုံးတည်နေရာ အိမ်ကြီးသဖွယ်ဖြစ်သော၊

**ကလိယုဂေ** - သူတော်ကောင်းတရား လွန်စွာဆုတ်ယုတ် တရားငုပ်သည့် ကလိယုဂ် အခါဆိုးကြီးသည်၊

**သမာယာတေ** - ကောင်းကောင်းကြီး ရောက်လာသည်ရှိသော်၊

**ဓမ္မော** - လူတို့ကျင့်ရသော သူတော်ကောင်းတရားသည်၊

**ဧကပါဒေါ** - အခြေလေးချောင်းထောက်သည့်သတ္တဝါသည် အခြေသုံးချောင်းကျိုး၍ ခြေတစ်ချောင်းသာ ထောက်တည်သည်နှင့် တူ၏။

**သဗ္ဗေ** - အလုံးစုံကုန်သော၊

**ဇနာ** - လူသားအပေါင်းတို့သည်။

**ပါပရတာ** - မကောင်းမှုတို့၌သာ မွေ့လျော်၍ နေကြလေကုန်သတည်း။ ။

[ ကပ္ပဒ္ဒုမကျမ်းကို ကိုးကား၍ ရေးသားတော်မူသည်။ ]

ကျမ်းကိုး -

မဟာဝိသုဒ္ဓါရုံဆရာတော်၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်

# ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၈၆ ခုနှစ်ကနေ ၁၃၈၇ ခုနှစ်ကို ကူးပြောင်းတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါမှာ အားလုံးသော မြန်မာနိုင်ငံသူ/ သား၊ ကမ္ဘာသူ/သား ခုနစ်ရက်သားသမီးအပေါင်းတို့သည် ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာ ကောင်းသောအချိန်ကို ရရှိခံစားစံစားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ မြန်မာနိုင်ငံသူ/သား၊ ကမ္ဘာသူ/သား တိုင်းသူပြည်သားအပေါင်းတို့ ယနေ့မှစ၍ ရန်သူမျိုး ငါးပါးဘေးမှ လွတ်ကင်းကြပါစေ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံ၍ နှစ်ဟောင်းကိုကျော်၍ နှစ်သစ်မှာ ကျန်းမာချမ်းသာရွှင်ပြပြီး ဝမ်းမြောက်ချမ်းသာခြင်းကို ရရှိခံစားနိုင်ပါစေ။

မကောင်းတဲ့စိတ်တွေဖျောက်ပြီး ကောင်းကျိုးချမ်းသာရကြပါစေ။ မကောင်းတဲ့ ဝစီကံ၊ မနောကံ၊ ကာယကံတွေပျောက်ပြီး ကောင်းတဲ့ ဝစီကံ၊ ကာယကံ၊ မနောကံတွေကြောင့် ကောင်းကျိုးချမ်းသာရရှိကြပါစေ။ ယနေ့မြန်မာနဲ့တကွ ကမ္ဘာကြီးမှာ ဓာတ်တွေ ပျက်နေကြတယ်။ ဓာတ်ကြီးလေးပါးဖြစ်တဲ့ မီး/ရေ/လေ/မြေ တွေပျက်စီးနေကြတာကြောင့် မြန်မာနိုင်ငံသူ/သား ကမ္ဘာသူ/ သားတွေအားလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဒုက္ခတွေ ခံစားနေကြရတယ်။ ဒုက္ခတွေက ကင်းဝေးကြပါစေ။ နှစ်ဟောင်းမှာ ကုန်ပျောက်ပြီး နှစ်သစ်မှာ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေ။



လူရယ်လို့ဖြစ်လာရင် မိမိရဲ့ခန္ဓာကိုယ်ထဲ ပထဝီ၊ တေဇော၊ ဝါရော၊ အာပေါဆိုတဲ့ ဓာတ်တွေ တည်ဆောက်ထားတယ်။ အဲဒီဓာတ်တွေပျက်စီးရင် ဒုက္ခရောက်ကြတယ်။ အတွင်းဓာတ်နဲ့ အပြင်ဓာတ်တွေက ဆက်နေတယ်။ ခန္ဓာကိုယ်ထဲမှာလောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ကိလေသာမီးတွေက စက္ကန့်မလပ် လူသားတွေရဲ့ အတွင်းဓာတ်တွေမှာ လောင်ကျွမ်းနေတယ်။ အတွင်းမှာရှိတဲ့ ဓာတ်ကြီးလေးပါး ကိလေသာမီးတွေ လောင်ကျွမ်းမှုကြောင့် အတွင်းဓာတ်တွေပျက်ပြီဆိုတော့ အပြင်မှာရှိတဲ့ မီး၊ ရေ၊ လေ၊ မြေဓာတ်တွေပျက်တာပဲ။

မြန်မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ်တွေ ကျရောက်တယ်။ ဒါ့အပြင် ဓာတ်ပျက်လိုက်တာကြောင့် တိုင်းသူပြည်သားတွေ ဒုက္ခတွေခံကြ၊ ဆင်းရဲကိုခံကြတယ်။ ဒီဒုက္ခတွေ ဖြစ်ချင်လို့ဖြစ်ကြတာမဟုတ်ဘူး။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ကာမ နိယာမ အရ အတွင်းမှာရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိကိလေသာ မီးတွေပျက်စီးတော့ အပြင်မှာရှိတဲ့ဓာတ်တွေပျက်ပြီး သတ္တဝါတွေ ဒုက္ခရောက်ကြရတယ်။ ဒုက္ခတွေမရောက်ရအောင် အခု ၁၃၈၆ ခုနှစ်ကနေ နှစ်ဟောင်းကုန်ပြီး ၁၃၈၇ ခုနှစ် နှစ်သစ်ကိုကူးတဲ့အခါမှာ မိမိရဲ့အတွင်းမှာရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ ကိလေသာ မီးတွေငြိမ်းအောင် အားလုံးသောတိုင်းသူ ပြည်သား၊ ကမ္ဘာသူ / သားတွေ ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။

အခု သင်္ကြန်အခါသမယမှာ ဝိပဿနာတိုက် တွေမှာ ကိလေသာတွေကို ငြိမ်းအေးစေမယ့် ဓမ္မတွေဟောကြ၊ ပြောကြ၊ နာကြ၊ အားထုတ်ကြနဲ့ ခုနစ်ရက်သားသမီးအပေါင်း ဓမ္မမိုးရွာနေကြတယ်။ မြန်မာနိုင်ငံသူ/သား၊ ကမ္ဘာသူ /သားအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ဘဝရဲ့ ငြိမ်းချမ်းမှုကို ရရှိကြပါစေ။ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ကို စိတ်သစ် လူသစ် ဘဝသစ်ဖြင့် ချမ်းသာခြင်းအပေါင်း ရရှိခံစားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူးသြဝါဒကထာ



မြန်မာ့နှစ်သစ်မင်္ဂလာ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်ကနေ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းတဲ့ ဂိမန္တ နှစ်သစ်အခါသမယမှာ တစ်နှစ်တစ်ခါ ပြောင်းလဲတဲ့အတွက် မြန်မာသင်္ကြန်လို့ သတ်မှတ်ကြပါတယ်။

အချိန်တိုင်း၊ စက္ကန့်တိုင်း၊ မိနစ်တိုင်း ပြောင်းလဲနေတယ်၊ ပြောင်းလဲမှုနဲ့အမျှ တိုးတက်မှုတွေလည်း ရှိတတ်တယ်၊ ဆုတ်ယုတ်မှုတွေလည်း ရှိတတ်တာပေ့ါ၊ ရုပ်ပိုင်းဆိုင်ရာတွေက အချိန်ကာလပြောင်းလဲလာတာနဲ့အမျှ ယုတ်လျော့ ယုတ်လျော့ အားနည်းသွားတတ်တယ်၊

စိတ်ပိုင်းဆိုင်ရာကြတော့ သူတော်ကောင်းတွေအတွက် အချိန်တိုင်း ပြောင်းလဲတဲ့အခါမှာ တိုးတက်လာတဲ့အတွက် ပိုကောင်းသထက်ကောင်းလာတဲ့ ပြောင်းလဲလာတာပဲ။ သူတော်ကောင်းမှတစ်ပါး အခြားသူတွေကျတော့ပြောင်းလဲတဲ့အခါ ကောင်းတဲ့ စိတ်တွေက မကောင်းတဲ့ စိတ်တွေဘက်ကို ဖြစ်သွားကြတယ်။

ဒါကြောင့်မို့ နှစ်သစ်ကူးအခါသမယ ပြောင်းလဲတဲ့အခါမှာ သူတော်ကောင်းတွေလို ပြောင်းလဲခြင်းမျိုးနဲ့ အားလုံးရဲ့စိတ်တွေ အားကောင်းလာတယ်။ မကောင်းတဲ့ စိတ်ဓာတ်ဆိုးတွေ ဖယ်ထုတ်ပြောင်းလဲပြီးတော့ ကောင်းတဲ့စိတ်ဓာတ်ကောင်းတွေ ဖြစ်လာဖို့အတွက် သင်္ကြန်သင်္ကမန္တ ပြောင်းလဲခြင်းကို သတ်မှတ်ကြတယ်။

သူတော်ကောင်းတွေအတွက် ပြောင်းလဲဖို့ဆိုတာ မကောင်းရာမှနေကောင်းလာတယ်၊ ဒါလည်း သူတော်ကောင်းပဲ။ ကောင်းရာမှနေ ပိုကောင်းလာတယ်၊ ပိုကောင်းရာမှနေ ပိုမြင့်မြတ်ပြီး အကောင်းဆုံးဖြစ်လာတယ်။

ဗုဒ္ဓဘာသာဝင်တွေဆိုရင်တော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂမ်၊ ရဟန္တာဖြစ်သွားတာ။ ဒီလိုဖြစ်လာတာက သူတော်ကောင်းတွေရဲ့ စိတ်ဓာတ်တွေ တိုးတက်မြင့်မားပြီး ပြောင်းလဲလာတာ။ သူတော်ကောင်းတွေဘယ်လိုပြောင်းလဲလာသလဲလို့ လေ့လာကြည့်မိတော့ မေတ္တာမရှိတာတွေ ရှိလာတယ်။ မေတ္တာနည်းရာမှနေ များလာတယ်။ မေတ္တာမှမဟုတ်ဘူး၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေလည်း များလာတယ်။ အဲဒါကြောင့်လည်း တစ်ဦးအပေါ် တစ်ဦးက မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနဲ့ စွမ်းနိုင်သမျှ ကူညီကြတာပေ့ါ။

တချို့က ဘဝမှာ ပြည့်စုံကြသော်လည်း ဘဝသံသရာမှာ ပါလာတဲ့ အတိတ်အကုသိုလ်ကံတွေ စိုးမိုးမှုကို ခံကြရတဲ့အခါကျတော့ ကယ်နိုင်သလောက်ကယ်တယ်၊ စွမ်းနိုင်သမျှကယ်တယ်၊ ကိုယ်ကယ်ချင်တိုင်း ကယ်လို့ရနိုင်တာ ရချင်ရတယ်၊ မရချင်မရဘူး၊ ဒါက သူတို့တွေရဲ့ ကံနဲ့ဆက်စပ်တယ်။

ဒါမျိုးကျ စိတ်အပင်ပန်းမခံတော့ဘဲ လုပ်စရာရှိတာလုပ်မယ်၊ ကူစရာရှိတာကူမယ်၊ ထောက်ပံ့စရာရှိတာ ထောက်ပံ့မယ်။

သူတို့လက်ခံနိုင်တဲ့ ကံအကျိုးပေးပေါ်မူတည်တယ်။ ဒီအသိနဲ့ ကူညီတာကတော့ ဥပေက္ခာလို့ ခေါ်ပါတယ်။

သူတော်ကောင်းတွေအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေက ဘယ်လိုမျိုးအားကောင်းလာကြသလဲဆိုတော့ ရှေးဘုရားရှင်သူတော်ကောင်းကြီးတွေက နောက်နောင်ပွင့်မယ့် ဘုရားလောင်းတွေကို ဗျာဒိတ်ပေးတယ်။ အဲဒီအခါမှာ ဘုရားအလောင်း အဂ္ဂသာဝက မဟာသာဝက အလောင်း သူတော်ကောင်းတွေရဲ့စိတ်က နှလုံးသွင်းဘယ်လောက်အထိ ကောင်းလည်းဆိုရင် စကားသုံးခွန်းကိုပဲ အဓိကထားပြောတယ်။

ဗျာဒိတ်တော်ရတဲ့ နောင်ဘုရားလောင်းတွေက စကားပြောတဲ့အခါ “ဘုရားလောင်းဆိုတာ အိမ်ရာထူထောင် လူတို့ဘောင်နဲ့ ဘာမှမဆိုင်၊ ဘာလို့ အိမ်ရာတည်ထောင်တဲ့အထဲမှာ နေမှာလဲ၊ ရဟန်းပြုတော့မယ်”လို့ ပြောတယ်။ ကြွေးကြော်တယ်။

သူတော်ကောင်းတွေအတွက်ကျတော့ စကားလုံးနည်းနည်းပြင်ပြီး “ငါ့ သူတော်ကောင်းပဲ၊ ကိုယ့်ကိုယ်ကိုယ် လူကောင်းဆိုတာ သိရမယ်။

သူတော်ကောင်းဆိုရင် သူတော်ကောင်းတွေ မလုပ်သင့် မလုပ်ထိုက်တာ မလုပ်ဘူး၊ ငါ့နဲ့ မဆိုင်တာမလုပ်ဘူး။ လုပ်သင့်လုပ်ထိုက်တာကိုပဲ လုပ်မယ်လို့ တွေးပျော်တော့တာပဲ။ ငါ သူတော်ကောင်းနဲ့ မဆိုင်တာ အကျိုးမရှိတာမလုပ်ဘူး။ အကျိုးရှိတဲ့ အလုပ်ပဲလုပ်မယ်။ သူတော်ကောင်းတွေက ငါ့ကိုယ့် ငါသူတော်ကောင်းလို့ သိမှတ်ထားရင် သူတော်ကောင်းတစ်ယောက်ရဲ့ မလုပ်သင့် မလုပ်ထိုက်တာ မလုပ်နဲ့၊ လုပ်သင့်လုပ်ထိုက်တာလုပ်။ ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်းလို့ သတ်မှတ်ရင် ဘယ်သူ့အပေါ်မှာမှ မေတ္တာမပျက်ဘူး။ စိတ်မဆိုးဘူး။ ဘယ်သူ့ကိုမှ မနှိမ့်ချဘူး။ ကရုဏာထားတယ်။ မနာလိုမဖြစ်ဘူး။ မုဒိတာပေ့ါ။ ဘယ်သူ့အပေါ်မှ မျက်ကွယ်မပြုဘူး။ တတ်နိုင်သမျှ စွမ်းနိုင်သမျှ ကူညီတယ်။ အကျိုးပေးဆိုတာက စိတ်ပေါ်မူတည်တာပဲ။ သူတော်ကောင်းက ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်းဆိုတာသိသွားပြီး သူတော်ကောင်း မလုပ်သင့်မလုပ်ထိုက်တာ မလုပ်ဘူး။ လုပ်သင့်လုပ်ထိုက်တာလုပ်မယ်ဆိုတာ သိတဲ့အသိစိတ်နဲ့ လုပ်ဖြစ်တော့ ကြီးပွားတိုးတက် အောင်မြင်တော့တာပေ့ါ။ သူတော်ကောင်းတွေက စိတ်ထားကောင်း လုပ်ရပ်ကောင်းတော့ အကျိုးပေးတွေလည်း ကောင်းတာပေ့ါ။ အကျိုးပေးက မိမိတစ်ယောက်တည်း ကောင်းကျိုးချမ်းသာရရုံမကပဲ ဆွေမျိုးသားချင်းအကျိုး၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်မြို့ ကိုယ့်နိုင်ငံ ကိုယ့်သာသနာအကျိုးတွေ ရရှိတော့တာပေ့ါ။ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်လောကကြီးတစ်ခုလုံးကို ကိုယ်က စိတ်ဓာတ်ကောင်းနဲ့ ဒီစကားကြီးသုံးခွန်းကို အားရပါးရ ကြွေးကြော်ဆောင်ရွက်နေရင်း အားလုံးအတွက် ကောင်းကျိုးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နှစ်သစ်ကူးအခါမှာ စွမ်းနိုင်သမျှ မိမိအကျိုး အများအကျိုးသယ်ပိုးကြဖို့အတွက် စကားလက်ဆောင် တရားလက်ဆောင် နှစ်သစ်ကူး လက်ဆောင် ပေးပါတယ်။

အားလုံး အားလုံးက စိတ်ဓာတ်ကောင်းတွေ ကိုယ်စီကိုယ်စီရှိကြပြီး မိမိအကျိုး အများအကျိုး သယ်ပိုးနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ ကုန်သတည်း။

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# နန္ဒာအောင်မြေကျောင်း၊ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ၏ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ဒေါက်တာဘဒ္ဒန္တနိမလ

**၁၃၈၆ ခုနှစ်ကုန်ဆုံး၍ ၁၃၈၇ ခုနှစ် နှစ်သစ်မင်္ဂလာ**
**နှစ်ဦးကုသိုလ်ရ - ဆုမွန်ပတ္ထနာ ဆုတောင်းလွှာ**

၁။ ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ အနုတ္တရောပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘ ဂဝါတိ။ ဗုဒ္ဓဂုဏ်တော်မိုးများ ရွာသွန်းဖြိုး၍ ပြည်လုံးချမ်းသာ အေးမြစွာဖြင့် ငြိမ်းချမ်းပန်းများ ပွင့်ပါစေ။

၂။ သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယိကော ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ။

ဓမ္မဂုဏ်တော်မိုးများ ရွာသွန်းဖြိုး၍ ပြည်လုံးချမ်းသာ အေးမြစွာဖြင့် ငြိမ်းချမ်းပန်းများ မွှေးပါစေ။

၃။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

သံဃာဂုဏ်တော်မိုးများ ရွာသွန်းဖြိုး၍ ပြည်လုံးချမ်းသာ အေးမြစွာဖြင့် ငြိမ်းချမ်းပန်းများ လန်းပါစေ။

နှစ်သစ်ကာလ အခါသမယမှာ အပမာဒေန မမေ့မလျော့သော သတိတရားဖြင့် သရဏဂုံ (၃)ပါး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်နှင့် ငါးပါးသီလကို မမေ့မလျော့သော သတိတရားဖြင့် ကြိုးစားပွားများအားထုတ်၍ ရောဂန္တရကပ်။ သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ဟူသော ကပ်ကြီးသုံးပါးမှ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ကျော်လွှား၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပြီးလျှင် သွားလမ်းလာလမ်း၊ လုပ်ငန်းကိုင်ငန်း၊ ဖြောင့်ဖြောင့်တန်းတန်း လွယ်လင့်တကူ အနှောင့်အယှက်အရံအတားမရှိဘဲ ကုသိုလ်စွမ်းအား သဒ္ဓါတရားကြောင့် နှစ်သစ်ကာလအခါသမယမှာ ကြံစည်တဲ့အတိုင်း၊ ရည်ရွယ်တဲ့အတိုင်း အောင်မြင် ပြည့်စုံကြပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

---

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ၏ နှစ်သစ်မင်္ဂလာဆုတောင်းစကားများ



ဦးဝဏ္ဏ



ဦးဇော်ဇော်နိုင်



ဦးတူးတူး



ဦးအောင်ဇော်ဝင်း

**ဦးဝဏ္ဏ၊ ဥက္ကဋ္ဌ**
**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ မြန်မာသက္ကရာဇ်၁၃၈၆ခုနှစ်ကုန်ဆုံးပြီး ၁၃၈၇ ခုနှစ် ကာလသို့ ရောက်ရှိလာသော အခါသမယ ဖြစ်ပါတယ်. . .

ယနေ့၁၃၈၇ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ နိုင်ငံသူ/နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ/ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံကြလျက် အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး၏ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဘာသာကြီး(၄)ရပ်၏ စုပေါင်းအင်အားဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည် ဆိုသည့်အတိုင်း-

- သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများသို့ သွားရောက်၍ ဝိုင်းဝန်းကူညီထောက်ပံ့ခြင်း၊
- မျက်စိအခမဲ့ခွဲစိတ်ကုသပေးခြင်း ၊
- သွေးလှူဒါန်းမှုများပြုလုပ်ခြင်း ၊
- အခမဲ့အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးခြင်းတို့အား အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိသည့်အပြင် ဘာသာကြီး (၄) ရပ်၏ ရိုးရာပွဲတော်များအား စုပေါင်းကျင်းပ၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့ဆိုသည့် ဆောင်ပုဒ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်ခင်ဗျာ... ။

ယခုအခါ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော မန္တလေးငလျင်ကြောင့် များစွာသော အဆောက်အအုံများ ပျက်စီးခဲ့ရပြီး ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရသူများစွာဖြစ်ပေါ်ခဲ့တာကို စိတ်မကောင်းစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

စည်းလုံးခြင်းသည် အင်အားဖြစ်သည့်အတွက် ကျွန်တော်တို့၏ ကာယ၊ ဉာဏ၊ ဓနများ စုပေါင်းအင်အားဖြင့် ယခုဖြစ်ပေါ်နေသော မြေငလျင်ဒဏ်သင့် ပြည်သူများအတွက်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌လည်းကောင်း ဝိုင်းဝန်းကူညီသယ်ပိုးကြပါ၊ နိုင်ငံတော်တည်ငြိမ်ရေးအတွက် နိုင်ငံသားစိတ်ဓာတ်အပြည့်ဖြင့် ကာကွယ်စောင့်ရှောက်ကြပါ၊ ညီညွတ်ကြပါ၊ အေးချမ်းသာယာသော နိုင်ငံတော်ဖြစ်ပေါ်လာအောင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ထပ်လောင်းဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျာ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

၁၃၈၆ ခုနှစ် ကုန်ဆုံး၍ ၁၃၈၇ ခုနှစ်ကာလသို့ ရောက်ရှိလာသော နှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်မင်္ဂလာမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ ဂေါတမမြတ်စွာဘုရားရဲ့ မေတ္တာကြောင့် တိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ မဟာပိန္နဲဘုရားရဲ့ မေတ္တာကြောင့် ပြည်တွင်း၊ ပြည်ပရန်များ ကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါစေ။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံနဲ့ လူမျိုးပေါင်းစုံနဲ့ ချစ်ခင်ရင်းနှီးစွာနေထိုင်ကြပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးပြီး စိတ်မကောင်းစရာ၊ စိတ်ထိခိုက်စရာများစွာ တွေ့ကြုံခဲ့ရတာကို သိမြင်ခံစားရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အခက်အခဲများစွာနဲ့ ရင်ဆိုင်ဖြေရှင်းနေရတာကို သိမြင်ခံစားရပါတယ်။ မန္တလေးငလျင်ကြီး ထိခိုက်ခံစားမှုကို ပြန်လည်တည်ဆောက်ရာတွင်လည်း ကျွန်တော်တို့အသင်းအနေနဲ့ တတ်နိုင်တဲ့ဘက်က အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အနာဂတ်ရတနာလူငယ်တွေအတွက် အလုပ်များများလုပ်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ မေတ္တာတရားများများထားပြီး အလုပ်ကို ကြိုးစားဆောင်ရွက်ပြီး အခက်အခဲတွေကို ကျော်လွှားနိုင်ပါစေ၊ နိုင်ငံတော်၏ အနာဂတ်လူငယ်တွေရဲ့ အခွင့်အလမ်းတွေအတွက် မိမိတို့ရဲ့ မတူညီတာတွေ ဖယ်ရှားပြီး စည်းလုံးညွတ်စွာဖြင့် သာယာအေးချမ်းတဲ့ နိုင်ငံတည်ဆောက်ရေးအတွက် အားလုံးဝိုင်းဝန်းကူညီသယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဦးတူးတူး (ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၇ခုနှစ် နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံသူ/နိုင်ငံသားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးတူးတူး (ခရစ်ယာန်ဘာသာ) အနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် လူမျိုးမတူ၊ ဘာသာမတူ၊ အယူအဆမတူကြသူတွေ မေတ္တာတရားကို အခြေခံထားကာ အမိမြန်မာနိုင်ငံတော်အတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံအတွင်း ငလျင်သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားခဲ့ရသည့် ပြည်သူတွေအတွက် မိမိတို့ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကျရာအခန်းကဏ္ဍကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မိမိတို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနှင့်လည်း နိုင်ငံတော်အတွက် လိုအပ်သော တည်ငြိမ်အေးချမ်းသာယာရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလိုနှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရေးအတွက် မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီသယ်ပိုး ထမ်းဆောင်နိုင်

*စာမျက်နှာ ၇ သို့*

# မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ဦးရဲထွန်း

**ဦးရဲထွန်း**
**ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ရဟန်းရှင်လူ၊ မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်နေ့တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယသို့ မရောက်မီ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးတို့နဲ့ ရှမ်းပြည်နယ်တို့တွင် ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရပျောက်ဆုံးခြင်း နေအိမ်အဆောက်အအုံတွေ ပျက်စီးခြင်း လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးခြင်းတွေ ကြုံတွေ့ခဲ့ကြရသည့်အတွက် ကျွန်တော်တို့ အသင်းကြီးအနေဖြင့် မိဘပြည်သူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။

အသင်းကြီးအနေဖြင့်လည်း တိုင်းဒေသကြီးပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် ဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုစည်း၍ ငလျင်ဘေးသင့်ဒေသများသို့ စေလွှတ်ပြီး ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ခြင်း စား၊ ရေ၊ ရိက္ခာ၊ အဝတ်အစားများ ထောက်ပံ့ခြင်း၊ အခြေခံလူသုံးကုန်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ**

ကျွန်တော်တို့ အသင်းကြီးအနေဖြင့် ငလျင်ဒဏ်ခံစားခဲ့ရသူများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း ဆက်လက်ပါဝင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်အခါသမယသို့ ရောက်ရှိလာပြီဖြစ်သော ယနေ့မြန်မာနှစ်ဆန်း (၁) ရက်နေ့မှစ၍ မိဘပြည်သူ၊ အစိုးရ၊ တပ်မတော်နှင့် YMBA အသင်းကြီးတို့ စည်းလုံးညီညွတ်မှုအားကိုယူပြီး ငလျင်ဘေးသင့်ဒေသများကို အမြန်ဆုံး ပြန်လည်တည်ဆောက်ကြပါစို့လို့ ပြောကြားရင်း မြန်မာနှစ်သစ်ကူးအခါသမယမှာ အေးချမ်းသာယာသော မြန်မာနိုင်ငံတော်ကြီးဖြစ်ပါစေကြောင်းနှင့် မိဘပြည်သူများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

# နှစ်သစ်မင်္ဂလာဆုတောင်း



ဒေါက်တာတင်ထွန်းဦး

**ဒေါက်တာတင်ထွန်းဦး**
**ဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**
**နှစ်သစ်မင်္ဂလာဆုတောင်း**

ပြီးခဲ့တဲ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကုန်ခါနီး မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့တဲ့ အလွန်ပြင်းထန်လှတဲ့ မန္တလေးငလျင်ကြီးရဲ့ ဘေးဒဏ်ကြောင့် ပြည်သူလူထုအများအပြား၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြရတယ်။

အဲဒီအတွက် ပြည်သူတွေနဲ့အတူ များစွာ ဝမ်းနည်းကြေကွဲရပါတယ်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတဲ့အတွက် အားရမိပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်လုပ်ဆောင်နေတာကိုလည်း သိရှိရပါတယ်။

ဘေးဒုက္ခအန္တရာယ်တွေနဲ့ ရင်ဆိုင်တွေ့ကြုံခဲ့ကြရတဲ့ ပြည်သူတွေအနေနဲ့ စိတ်ဓာတ်မကျဘဲ "လဲရင် ပြန်ထမယ်" ဆိုတဲ့ စိတ်ထားရှိပြီး အားတင်းကာ ကြံ့ကြံ့ခိုင်ရင်ဆိုင်ကြစေချင်ပါတယ်။ ကြိုးစားပြီး ပြန်လည်နိုးထနိုင်ကြဖို့လည်း မျှော်လင့်ပါတယ်။

ဒါကြောင့် အခုလို မင်္ဂလာရှိလှတဲ့ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်ဆန်းချိန်ခါမှစ၍ တစ်နှစ်တာ ကာလတစ်ခုလုံးမှာ –

မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး–

- သဘာဝဘေးအန္တရာယ် အပါအဝင် ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးကြပါစေလို့ အဓိကဆုတောင်းပေးချင်ပါတယ်၊
- ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေ၊
- စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒများ ပြည့်ဝကြပါစေလို့လည်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

ဒါ့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တစ်ခုလုံး

- နိုင်ငံအနှံ့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ပါစေ၊
- ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည် တည်တံ့ခိုင်မြဲပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနဲ့လည်း

- သတင်းမီဒီယာလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလုပ်ဆောင်သွားကြမှာ ဖြစ်ပါတယ်၊
- ဒါ့ပြင် နိုင်ငံနဲ့ပြည်သူ့အကျိုးအတွက် သတင်းမီဒီယာကဏ္ဍကနေ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါတယ်။

*စာမျက်နှာ ၆ မှ*

ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒ ပြည့်ဝကြပါစေ၊ ဘုရားသခင်ကောင်းချီးပေးပါစေ၊

ကျွန်တော်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာဝင်) ဖြစ်ပါတယ်။ ယခုလို ၁၃၈၆ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၇ ခုနှစ် ရောက်ရှိလာတဲ့ နှစ်သစ်ကာလမှာ မြန်မာနိုင်ငံသူ/ မြန်မာနိုင်ငံသားများအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာပါစေကြောင်း အစ္စလာမ်ဘာသာဝင်များ ကိုယ်စား ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း( အစ္စလာမ်ဘာသာ) ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူတိုင်းရဲ့ လူမှုရေး၊ စီးပွားရေး၊ ဘဝလုံခြုံရေးပြည့်စုံစေရန်အတွက် အလိုအပ်ဆုံးဖြစ်တဲ့ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာ ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးနှင့်အတူ အစ္စလာမ်ဘာသာဝင်များကလည်း မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသားလူမျိုးများ၏မတူကွဲပြားသော ဓလေ့ထုံးထမ်းအစဉ်အလာများ၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု စရိုက်လက္ခဏာများအားလုံးကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက် အေးအတူပူအမျှအတူတကွ ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျာ။

အခုလို နိုင်ငံတော်အတွင်းကြုံတွေ့ခံစားခဲ့ရသော ငလျင်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားနေရသည့်ဒေသများအတွက်လည်း မိမိတို့ အစ္စလာမ်ဘာသာဝင်များကလည်း တတ်အားသရွေ့ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ကမ္ဘာသူ/ကမ္ဘာသားများအားလုံး အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာသာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ကိုးကွယ်ရာ ဘာသာကြီး(၄)ရပ်၏ တူညီသော သစ္စာတရား၊ မေတ္တာတရားများဖြင့် နှစ်သစ်ကူးကြိုဆိုကြဖို့ နှစ်သစ်ကူးဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

## သင်္ကြန်အတက်နေ့ ညနေ၌ ဘိုကလေးမြို့နယ်တွင် ရိုးရာအစဉ်အလာမပျက် သနပ်ခါးသင်္ကြန်ဆော့ကစား

**ဘိုကလေး ဧပြီ ၁၆**

ဘိုကလေးမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ စုပေါင်းကာ ယနေ့သင်္ကြန်အတက်နေ့ညနေ၌ ရိုးရာအစဉ်အလာမပျက် သနပ်ခါးသင်္ကြန် ဆော့ကစားခြင်းနှင့် စတုဒိသာ ကျွေးမွေးမှုများ ဆောင်ရွက်ခဲ့သည်။



ဘိုကလေးမြို့နယ်၏ သနပ်ခါးသင်္ကြန် ဆော့ကစားခြင်းနှင့် စတုဒိသာ ကျွေးမွေးမှုများသို့ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် ဇနီး တက်ရောက်ဆော့ကစားခဲ့ပြီး ၎င်းတို့နှင့်အတူ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် / ကျေးရွာများမှ လူပျိုပျိုမျိုးများ တက်ရောက်၍ အပြန်အလှန် သပြေခက်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေဖျန်းပက်ခြင်း၊ နံ့သာလိမ်းခြယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းဇီဝိတဒါနငါးလွှတ်ပွဲတက်ရောက်



စစ်တွေ ဧပြီ ၁၆

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကြီးမှူး၍ နိုင်ငံတစ်ဝန်း ပြည်သူများ ဘေးအန္တရာယ် ကင်းဝေးစေရန် ရည်ရွယ်၍ စုပေါင်းဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ကန်တော်ကြီးရေကန်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက ကန်တော်ကြီးရေကန်၌ စုပေါင်း ဇီဝိတဒါန ငါးလွှတ်ပေးကြသည်။ အဆိုပါ ငါးလွှတ်ပွဲတွင် ရွှေဝါငါးကြင်း၊ ငါးခုံးမနှင့် ပုစွန်လုံး အကောင် အရေ ၃၀၀၀ ကျော် တို့ကို ဇီဝိတဒါနအဖြစ် ကန်တော်ကြီး ရေကန်ထဲသို့ လွှတ်ပေးကြသည်။(အပေါ်ပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တညာဏဝံသ မဟာထေရ်မြတ်အား သွားရောက်ဖူးမြော်ကြပြီး ဆရာတော်ကြီးထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**တင်ထွန်း (ပြန်/ဆက်)**

# စီးပွားရေးလုပ်ငန်းရှင်များ၏ နှစ်သစ်ကူး ဆုတောင်း



ဦးအေးဝင်း



ဒေါ်ခိုင်ခိုင်နွယ်



ဦးရန်နိုင်ထွန်း



ဦးဆန်းလင်း



ဦးမြင့်စိုး



ဦးမျိုးမြင့်



ဦးကံညွန့်



ဦးနန္ဒကျော်



ဦးကျော်စွာထွန်းမြင့်

**ဦးအေးဝင်း**
**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ)**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့မှာ ကျရောက်တဲ့ နှစ်သစ်ကူး အခါသမယမှာ မြန်မာပြည်သူပြည်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ လတ်တလော အင်အားပြင်းငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ ငလျင်ဒဏ်သင့်ဒေသက ပြည်သူတွေအတွက် များစွာစိတ်မချမ်းမြေ့ဖြစ်ရပါတယ်။ ကုန်သည်စက်မှုအသင်းချုပ်အနေနဲ့ ငလျင်ဒဏ်သင့်ပြည်သူတွေနဲ့ တစ်သားတည်းရှိပြီး ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆက်စပ်အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အသင်းသူ အသင်းသားတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သည်စက်မှုအသင်းချုပ်ရဲ့ မူလမျှော်မှန်းချက်နဲ့ ရှေ့လုပ်ငန်းစဉ်များအတိုင်း ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာမှာ ကောင်းမွန်တဲ့ စီးပွားရေးဝန်းကျင်ကို ဖန်တီးပေးနိုင်ဖို့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ချိတ်ဆက်မှုတွေကို လာမယ့်နှစ်သစ်မှာ တိုးမြှင့်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

မြန်မာ့နှစ်သစ်ကူး အခါသမယမှာ မြန်မာပြည်သူပြည်သားတွေအားလုံး ဘေးဘယာကင်းကွာပြီး စီးပွားရေးဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်းနဲ့ သာယာချမ်းမြေ့သော မင်္ဂလာနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**(UMFCCI အထွေထွေအတွင်းရေးမှူးချုပ်)**

နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးပြောင်းတဲ့ အခါသမယ ဖြစ်ပါတယ်။ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အခါသမယမှာ မြန်မာပြည်သူပြည်သား ခုနစ်ရက်သားသမီးတွေအားလုံး၊ မြန်မာပြည်အတွင်း မှီတင်းနေထိုင်ကြသူတွေအားလုံး၊ လုပ်သားပြည်သူတွေအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ပျော်ရွှင်ဖွယ်နေ့ရက်များကို တောက်ပသော အောင်မြင်မှုတွေနဲ့အတူ လျှောက်လှမ်းနိုင်ကြပါစေ။ အခွင့်အလမ်းသစ်များစွာနဲ့ အေးချမ်းသာယာဝပြောကြပါစေ၊ ကပ်သုံးပါးဘေး အမြန်ဝေးပြီး မင်္ဂလာအပေါင်း ခညောင်းသော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးရန်နိုင်ထွန်း**
**(သီလဝါအထူးစီးပွားရေးဇုန် ဥက္ကဋ္ဌ)**

နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်များနဲ့အညီ သီလဝါအထူးစီးပွားရေးဇုန်ကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာမှာ ၁၀ နှစ်ကာလ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်အနေနဲ့ နိုင်ငံတော်ရဲ့ GDP တိုးတက်စေရေး၊ ပို့ကုန်မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများ အပြည့်အဝရရှိရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အထောက်အကူပြုနိုင်ခဲ့ပါတယ်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ မြေငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးမှုတွေအတွက် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်ဖို့အတွက် သီလဝါအထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ငွေကျပ်သိန်း ၃၆၀၀၀ ခန့်နဲ့ ပစ္စည်းတွေ လှူဒါန်းပေးနိုင်ခဲ့ပါတယ်။

မြန်မာနှစ်သစ်ကူးကာလမှစပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ မြန်မာပြည်သူ၊ ပြည်သားအပေါင်း ဘေးဥပဒ်အန္တရာယ်တွေ ကင်းရှင်းပြီး တည်ငြိမ်အေးချမ်းစွာနဲ့ တိုးတက်အောင်မြင်မှုတွေနဲ့ပြည့်စုံသော မင်္ဂလာနှစ်သစ်ဖြစ်ပါစေကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနဲ့ ရင်းနှီးမြှုပ်နှံသူများက ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

**ဦးဆန်းလင်း(မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

မြန်မာ့နှစ်သစ်ကူး အခါသမယမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ချစ်ခြင်းမေတ္တာ၊ စည်းလုံးညီညွတ်မှုနဲ့အတူ ရပ်တည်နိုင်ကြပါစေ။ ငလျင်ဘေးအန္တရာယ်ကျရောက်တဲ့ ဒေသများသည်လည်း လုံခြုံပျော်ရွှင်စရာ အခြေအနေကို ပြန်လည်ရောက်ရှိပြီး စိတ်ဓာတ်ခိုင်မာစွာဖြင့် ပြန်လည်ထူထောင်နိုင်ကြပါစေ။

မြန်မာပြည်သူ၊ ပြည်သားတွေနဲ့တကွ ကမ္ဘာသူကမ္ဘာသားအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ငြိမ်းချမ်းသာယာသော အနာဂတ်ကို အတူတကွ ဖန်တီးနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးမြင့်စိုး**
**(အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ပြည်သူအပေါင်း ကိုယ်စိတ်နှလုံး အေးချမ်းသာယာပြီး ဘေးရန်ကင်းကွာ ကောင်းကျိုးဖြာ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။ ငလျင်ဒဏ်ဘေး သောကဝေး၍ ကောင်းကျိုးပြည့်စုံ ကုသိုလ်စုံကာ တစ်ယောက်တစ်လက် ဖေးမတွဲကူ အောင်မြင်မှုများ ထွေးပိုက်မွေးကြိုင် သင်းပျံ့နိုင်ပါစေ၊ နိုင်ငံဖွံ့ဖြိုး အားသစ်တိုး၍ စည်းလုံးပျော်ရွှင် ပြည်မြန်မာတွင် ညီနောင်တိုင်းရင်း ဆွေမျိုးရင်းပမာ ဖေးမကူညီ ရှေ့သို့ချီမည် ရွှေရောင်လွှမ်းနိုင်ပါစေကြောင်း အထည်ချုပ်လုပ်ငန်းမှ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးမျိုးမြင့်**
**(ဥက္ကဋ္ဌ-MKT ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)**

အခုလာမယ့် မြန်မာနှစ်သစ်မှာ မြန်မာပြည်သူပြည်သားအများစု ခံစားနေရတဲ့ ဘေးအန္တရာယ်အပေါင်းကနေ ကင်းဝေးနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Covid -19 ဖြစ်ခဲ့တယ်၊ မိုခါမုန်တိုင်းဖြစ်ခဲ့တယ်၊ ထိုနည်းတူစွာ ရေကြီးရေလျှံမှုတွေ၊ နိုင်ငံရေးအခြေအနေ အကြောင်းအမျိုးမျိုးတွေကြောင့်ရယ် ၊ အခု ငလျင်ဘေးတွေဖြစ်ခဲ့တာတွေကြောင့် စီးပွားရေး၊ လူမှုရေးတွေ ထိခိုက်မှုတွေ ရှိခဲ့တယ်။ ယခု နှစ်သစ်ကစပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ဘေးဒုက္ခအပေါင်းကနေ ကင်းဝေးပြီး ကောင်းကျိုးချမ်းသာတွေ ရရှိနိုင်ကြပါစေ၊ နောက်နောင်လဲ သဘာဝဘေးတွေကနေ ကင်းဝေးကြပါစေ၊ ယခုနှစ်သစ်ကစပြီးကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာတိုးတက်ပြီး မြန်မာပြည်ကြီး အမြန်ငြိမ်းချမ်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးကံညွန့် (ဥက္ကဋ္ဌ- မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်)**

မင်္ဂလာရှိတဲ့ နှစ်သစ်အခါသမယမှာ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ငလျင်ဘေးအန္တရာယ်ကြုံတွေ့ခံစားနေရတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအတွက် များစွာစိတ်မကောင်းဖြစ်မိပါတယ်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ဝိုင်းဝန်းကူညီပေးနေကြသူအားလုံးကိုလည်း အထူးကျေးဇူးတင်မိပါတယ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလည်း အခုထက်ပိုပြီး စည်းစည်းလုံးလုံးနဲ့ တတ်နိုင်တဲ့နေရာကနေပါဝင်ပြီး ဆောင်ရွက်ပေးကြဖို့ကိုလည်း မေတ္တာရပ်ခံချင်ပါတယ်။ နှစ်သစ်ကနေစပြီး မြန်မာနိုင်ငံကြီး စီးပွားရေး၊ နိုင်ငံရေး လူမှုရေးတွေ အစစအရာရာ ကောင်းမွန်တိုးတက်ပါစေလို့ နိုင်ငံသားတစ်ယောက်အနေနဲ့ များစွာမျှော်လင့်တောင့်တ ဆုတောင်းမိပါတယ်။

**ဦးနန္ဒကျော်( ဥက္ကဋ္ဌ -မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ ပြည်သားအပေါင်း ဘေးဘယာဝေးကွာပြီး ကျန်းမာရွှင်လန်း၍ စီးပွားလာဘ်လာဘများ တိုးတက်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ နှစ်သစ်ကူးအခါသမယမှာ ကပ်ဘေးတွေကနေ ကျော်လွှားပြီး အေးချမ်းသာယာကြပါစေ။

*စာမျက်နှာ ၉ သို့*

# အနုပညာရှင်များ၏ နှစ်သစ်ကူးဆုတောင်းစကားသံများ


ဦးကြည်စိုးထွန်း


ဒေါက်တာ ပန်းချီစိုးမိုး


ဦးလွင်မြင့်


ဦးအောင်တင်ဝင်း


ဒေါ်ပုလဲ


ဒေါ်ခင်သန်းနွယ်

**ဦးကြည်စိုးထွန်း**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

မြန်မာ့နှစ်သစ်ကူး အခါသမယမှာ မြန်မာလူမျိုးတို့ဟာ ဒါနပြုခြင်း၊ သီလစောင့်ခြင်း၊ တရားဘာဝနာစီးဖြန်းခြင်း စတဲ့ကောင်းမှုကုသိုလ်တွေကို ပြုလုပ်ကြပါတယ်။ ထိုသို့သော အစဉ်အလာကောင်းတို့ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် မြန်မာနိုင်ငံတော်ကြီး စည်ပင်သာယာ ငြိမ်းချမ်းမှုအပေါင်း အစွန့်ရှည်ပါစေကြောင်း ဆုတောင်းလိုပါတယ်။

"ရုပ်ရှင်သည် ပြည်သူ့အတွက်"ဆိုတဲ့ စကားနဲ့အညီ ပြည်သူ၊ ပြည်သားပရိသတ်တွေအတွက်လည်း အကျိုးဖြစ်ထွန်းသော ရုပ်ရှင်ဇာတ်ကားတွေကို ရုပ်ရှင်လောကသားတွေ အစဉ်မပြတ် ဖန်တီးနိုင်ကြပါစေကြောင်းလည်း ဆန္ဒပြုလိုပါတယ်။

ကြီးမားသော လျှော်ဘေးအန္တရာယ်ခံစားနေကြရတဲ့ အများပြည်သူတွေကို မိမိတို့ စွမ်းနိုင်သမျှ စာနာစိတ်နဲ့ အားပေးကူညီရင်း မြန်မာနိုင်ငံတော်ကြီးကို စောင့်ရှောက်နိုင်ကြပါစေလို့ လှိုက်လှဲစွာ ဆန္ဒပြုအပ်ပါတယ်။

**ဒေါက်တာပန်းချီစိုးမိုး**

မင်္ဂလာပါ။ မြန်မာ့နှစ်သစ်ကူးမှ အစပြုပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေ။ အတိုက်အခိုက်ပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာ၊ အသိ၊ အမြင်၊ အတွေး၊ ဆန္ဒလွန်ကြူမှုတွေက ထင်းစည်းပြေသကဲ့သို့ ညီရင်းအစ်ကို မောင်နှမတို့ ဘဝကို အမှောင်ဆုံးသို့ တွန်းပို့ရောက်ရှိခဲ့ရပြီး သဘာဝကပ်ဘေးများစွာကလည်း ပြေးမလွတ်အောင်၊ ရှောင်လွှဲမရအောင် ထိပ်တိုက်ကြုံတွေ့ဆုံတွေ့ခံစားရသည်မှာ များလှပါပြီ။

အမှောင်ဆုံး၏အဆုံးသည် အလင်း၏အစဖြစ်၍ နှစ်သစ်အချိန်အခါမှစပြီး နေမင်း၏ အလင်းကဲ့သို့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအပေါင်း ချမ်းသာသုခနှင့် ပြည့်စုံနိုင်ကြပါစေ၊ အသိ၊ သတိဖြင့် အောင်မြင်မှုဘဝပန်းတိုင်ကို လက်တွဲ၍ လှမ်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးလွင်မြင့်**
**(မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ)**

မြန်မာနှစ်သစ်ကူး အချိန်အခါမှာ တိုင်းပြည်သာယာဝပြောပြီး ရှေ့ဆက်ပြီး ကောင်းမွန်တဲ့ အတိတ်နိမိတ်များ ယှက်သန်းနေတာကိုလည်း တွေ့မြင်ရမှာပါ။ နှစ်သစ်အချိန်အခါမှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေ။ နိုင်ငံ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် စိတ်သစ်၊ ကိုယ်သစ်ဖြင့် အားလုံးပါဝင်ဆင်နွှဲနိုင်ကြပါစေ။ ကောင်းခြင်းမင်္ဂလာအဖြာဖြာဖြင့် ပြည့်စုံနိုင်ကြပါစေ။

သမိုင်းအဆက်ဆက်မှာ ဂီတအစည်းအရုံးဟာ နိုင်ငံတော်အတွက် အမြဲတမ်း ပါဝင်ဆောင်ရွက်ခဲ့တာကို တွေ့ရမှာပါ။ ဂီတလောကသားတွေအနေနဲ့ နိုင်ငံတော်နဲ့ပြည်သူအတွက် အင်တိုက်အားတိုက် ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နေပါတယ်။ ဂီတအစည်းအရုံးဟာ တိုင်းပြည်နဲ့ပြည်သူအတွက် အကျိုးပြုခဲ့မှုကို သမိုင်းအစဉ်အလာရှိတာကြောင့် ကျေးဇူးရှင် အနုပညာချစ်တဲ့ပြည်သူတွေကို ဂီတစွမ်းအားနဲ့ ဆက်လက်ကျေးဇူးဆပ်နေပါတယ်။ မြန်မာနှစ်သစ်ကူး အခါသမယမှာ ဂီတချစ်ခင်သောတရှင်တွေအားလုံး စိတ်နှလုံးအေးချမ်းပြီး ကောင်းကျိုးလိုရာအဖြာဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**ဦးအောင်တင်ဝင်း**
**(မြန်မာနိုင်ငံသဘင်အစည်းအရုံးနာယက)**

မြန်မာ့နှစ်ကူး အခါသမယမှာ အောင်ခြင်းမင်္ဂလာ၊ အောင်ဇေယျာနဲ့ အောင်ရာအောင်ကြောင်း အောင်ဆုတောင်းလျက် အောင်ကြောင်းဝေဖြာ ပြည်မြန်မာ၏ ရတနာခေါ်ကြွေး တိုင်းရင်းသားတို့ မခြားအတူ အောင်ဆုယူလျက် လက်ချင်းဆက်ကာ မပြတ်ညီညာ တောင်းဆုဖြာသည် ပြည်ရွာအနှံ့ အေးစေသောဝ်။

ပြည်သူပြည်သားအပေါင်းနဲ့ သဘင်လောကသားအပေါင်းလည်း ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာ ဘယာကင်းပ လိုတိုင်းရ စီးပွားဥစ္စာ ဝင်ငွေတိုးလို့ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

**ဒေါ်ပုလဲ (ရုပ်ရှင်သရုပ်ဆောင်)**

ရုပ်ရှင်နဲ့သာ ဘဝကို ရုပ်တည်ခဲ့ပြီး နိုင်ငံတော်အတွက်၊ ပြည်သူအတွက် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့တာကြောင့် ရုပ်ရှင်နဲ့ပြည်သူကို ကျေးဇူးဆပ်ဖို့ အမြဲရှိနေခဲ့ပါတယ်။ မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ရုပ်ရှင်လောကညီအစ်ကိုမောင်နှမ အားလုံးနှလုံးစိတ်ဝမ်းအေးချမ်းပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ပြည်သူပြည်သားအပေါင်းလည်း နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ကျန်းမာကြပါစေ၊ လန်းဖြာကြပါစေ၊ ဘေးဘယာအပေါင်းကင်းဝေးပြီး စီးပွားလာဘ်လာဘတွေလည်း တိုးတက်ဝေဖြာကြပါစေလို့ တောင်းဆုမေတ္တာပို့သပါတယ်။

**ဒေါ်ခင်သန်းနွယ် (ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်ကနေ ၁၃၈၇ ခုနှစ်ကို ကူးပြောင်းတဲ့ မြန်မာ့နှစ်သစ်ကူးအခါသမယမှာ မြန်မာပြည်သူ၊ ပြည်သားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး လိုရာဆန္ဒတွေလည်း ပြည့်ဝကြပါစေ။ စီးပွားဥစ္စာတွေလည်း ကိုယ်စီကိုယ်စီ တိုးတက်ဝေဖြာကြပါစေ။

မြန်မာပြည်ကြီးလည်း အေးချမ်းမှုအပေါင်း ပြည့်စုံပြီး ရုပ်ရှင်လောကသားတွေအားလုံးလည်း ကိုယ်စီကိုယ်စီ အလုပ်အကိုင်တွေ ပွင့်လန်းပြီးတော့ စည်းလုံးပျော်ရွှင်စွာနဲ့ ရုပ်ရှင်လောက တိုးတက်ရေးကို ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။

*စာမျက်နှာ ၈ မှ*

အားလုံးကိုယ်စိတ် နှစ်ဖြာ၊ ကျန်းမာချမ်းသာ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဥစ္စာခနေဖြိုးကြွယ်ဝပြီး နေ့ရက်တိုင်းမှာ ပြုံးပျော်ရွှင်လန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

**ဦးကျော်စွာထွန်းမြင့် (အထွေထွေအတွင်းရေးမှူး၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း– MAMDA )**

ယနေ့မှာကျရောက်တဲ့ မြန်မာနှစ်ဆန်း (၁) ရက်နေ့မှစလို့ ကုန်လွန်ခဲ့သော နှစ်ဟောင်းမှာ ဆိုးရွားစွာကြုံတွေ့ရသည့်သဘာဝဘေးဒဏ်လျှင်ဘေးနဲ့အတူကပ်ဘေးအမျိုးမျိုးဟူသမျှ အတာရေနှင့်အတူ စီးမျောပျောက်ကင်းပြီး မြန်မာနိုင်ငံသူ/သားအားလုံး သောကကင်းဝေး၊ ဘေးဘယာကင်းကွာ စိတ်အေးချမ်းပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ နောင်နှစ်ပေါင်းများစွာတိုင် ဘာသာ၊ သာသနာ၊ ရိုးရာဓလေ့များ ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ထာဝရမေတ္တာ ပို့သအပ်ပါသည်။

## ထားဝယ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးသကြ်န်ဆင်နွှဲနေမှု ကြည့်ရှုအားပေး

**ထားဝယ် ဧပြီ ၁၆**

မြန်မာ့ရိုးရာ မဟာသကြ်န်အတက်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လမ်းလျှောက်သကြ်န်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ အေးသကြ်န်နှင့် စတုဒိသာမဏ္ဍပ်များဖြင့် ကျင်းပလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနေသည့် မီးသတ်ဦးစီးဌာနရုံးဝင်းအတွင်းနှင့် မြို့တော်ခန်းမအရှေ့၌ ပြည်သူများနှင့်ဝန်ထမ်းများအား စတုဒိသာများဖြင့် ကျွေးမွေးညှဉ့်ခံလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်အားပေးပြီး လမ်းလျှောက်သကြ်န်နှင့် အေးသကြ်န် ပါဝင်ဆင်နွှဲသူများအား ဖျော်ရည် ဝေငှပေးကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က



လမ်းလျှောက်သကြ်န်ဇရိယာအတွင်း စိတ်အေးချမ်းသာစွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာပါဝင်ဆင်နွှဲနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သပြေခက်ဖြင့် မဟာ သကြ်န်ရေအား ပက်ဖျန်းသည်။

ထို့နောက် မြန်မာ့သနပ်ခါး ရိုးရာဓလေ့အား ထားဝယ်မြို့တော် ခန်းမအရှေ့၌ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက မြန်မာ့သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ပါဝင်ဆင်နွှဲလျက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနှစ်ကူး စိတ်ကူးလားရာ စိတ်ဓာတ်ခွန်အား မျှဝေခြင်းဖြင့်သာ

------- ဒေါက်တာ မြတ်မိုး -------

ကျွန်တော်တို့ဟာ မိမိတို့အနာဂတ်အရေး လုပသာယာရေးစဉ်းစားကြတဲ့အခါ ယခုလက်ရှိကြုံတွေ့ရတဲ့ အတွေ့အကြုံတွေဟာ တစ်ချိန်မှာ အရေးပါလာမှာ သေချာပါတယ်။ အထူးသဖြင့် ခါးသည်းလှတဲ့အတွေ့အကြုံတွေထဲက ဖြစ်ပါတယ်။ ဆိုးဆိုးရွားရွားအဖြစ်အပျက်တွေကနေ သံဝေဂယူတတ်မယ်၊ သင်ခန်းစာဖော်ထုတ်တတ်မယ်ဆိုရင်တော့ အတွေ့အကြုံကောင်းသဖွယ် ခံယူတတ်လာမှာဖြစ်ပြီး ရင့်ကျက်မှုရှိလာသည်အထိ ပေးစွမ်းနိုင်ပါလိမ့်မယ်။

**အရှုံးထဲကအမြတ်**

ယခု ကျွန်တော်တို့ခေတ်မှာပဲ ပြင်းထန်တဲ့ငလျင်ဒဏ် ခံစားခဲ့ရပါပြီ။ လွန်ခဲ့တဲ့ ငါးနှစ်ခန့်ကလည်း ကိုဗစ်ကပ်ကြီး ခံစားခဲ့ရတယ်။ သဘာဝဘေး၊ လက်နက်ဘေး၊ ရောဂါဘေးတွေကြောင့်ဖြစ်ရတဲ့ ဒုဗ္ဘိက္ခန္တရ၊ သတ္ထန္တရ၊ ရောဂန္တရကပ်အားလုံး မကြုံစဖူး ကြုံတွေ့ရင်ဆိုင်ကြရတယ်။ ဘာမှအစိုးမရတဲ့ သဘာဝတရားကြောင့်ကော၊ လောဘ၊ ဒေါသ၊ မောဟအကုသိုလ်ဦးစီး လူကြောင့်ဖြစ်ရတဲ့ ကပ်တွေကြောင့်ကော မျှော်လင့်မထား ရုတ်တရက် ကြုံကြရတာဖြစ်တယ်။ တချို့ အသက်တွေပါသွားတယ်၊ ချစ်တဲ့သူတွေနဲ့ ကွေကွင်းရတယ်၊ ဘဝတွေ ပျက်စီးရတယ်၊ တစ်သက်လုံး ရှာဖွေစုဆောင်းထားတဲ့ ပိုင်ဆိုင်မှုတွေ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဆုံးရှုံးကုန်တယ်။ နိုင်ငံအနေနဲ့လည်း အကြီးအကျယ် ထိခိုက်ရတယ်။ ဘေးဆိုးတွေကြောင့်၊ ကပ်ဘေးတွေကြောင့် ငြိမ်းချမ်းမှုဆိုတာ ဘယ်မှာ ရနိုင်ကြပါမလဲ။

သို့ပေမယ့် အဆိုးထဲက အကောင်း၊ အရှုံးကနေ အမြတ်ကို ရှာတတ်ရင်တော့ ကျွန်တော်တို့အတွက် အကျိုးဖြစ်ပါလိမ့်မယ်။ သင်ခန်းစာယူနိုင်ရင် ငြိမ်းချမ်းမှု တိုးတက်မှုကိုပါ ရပါမယ်။ အန္တရာယ်ဘေးဆိုးတွေကြောင့်ဖြစ်လာရတဲ့ ဒုက္ခဆင်းရဲ အပူမီးဆိုတာ ဆင်းရဲ၊ ချမ်းသာ၊ လူမျိုး၊ ဘာသာမရွေး ဘယ်သူ့မှ အလွတ်မပေးပါဘူး။ ကိုယ်တိုင်ကြုံရလို့ ဆင်းရဲခြင်းဖြစ်ရသလို ကိုယ်တိုင်မကြုံရသော်လည်း ကြားရ၊ မြင်ရခြင်းကတစ်ဆင့် စိတ်မချမ်းသာပါဘူး။ ဘယ်လိုကပ်ဘေးဖြစ်ဖြစ် သက်ရောက်မှုက ကြီးမားလွန်းတဲ့အတွက် လူတွေရဲ့ပညာရေး၊ ကျန်းမာရေး လူမှုဘဝတွေအပေါ် အတိုင်းအတာတစ်ခုအထိ ထိခိုက်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒုက္ခသည်ချင်း၊ အပူသည်အချင်းချင်းကြားမှာ နားလည်မှုပေးကြဖို့နဲ့ နားလည်မှုထားရှိဖို့ လိုပါမယ်။ တစ်ဦးချင်းစီရဲ့အပူကို တစ်ဦးနဲ့တစ်ဦး ဖြေသိမ့်ပေးခြင်းကနေ ဒုက္ခတွေ လျော့ပါးနိုင်သလို ခံစားမှုတွေ မျှဝေပြီး သူ့အတွက်ကို ဦးစားပေး၊ တွေးပေး၊ စဉ်းစားပေးခြင်းကလည်း တစ်ဦးအပေါ်တစ်ဦး စာနာနားလည်မှုကို တိုးပွားစေတာတွေ့ရပါတယ်။

တချို့ ပင်ကိုခံနိုင်ရည် အားကောင်းပေမယ့် တချို့မှာတော့ ခံနိုင်ရည်အား မရှိပြန်ဘူး။ ခံနိုင်ရည်မရှိသူကို ခံစားပေးမှု၊ နားလည်ပေးမှု၊ စာနာမှုတွေကတစ်ဆင့် သူ့ရဲ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။ ခံနိုင်ရည်နဲ့ နားလည်မှုရှိလာတဲ့အခါ သူများအပေါ် အပြစ်တင်စိတ်လည်းမရှိတော့တာ တွေ့ရတယ်။ အပြစ်တင်မယ့်အစား အဖြေရှာတတ်လာတယ်။ ထိုအခါ ကျွန်တော်တို့အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွေမှာ အားကောင်းလာပါလိမ့်မယ်။ ကိုယ်ချင်းစာမှု၊ ခံစားနားလည်မှု၊ ခံနိုင်ရည်ရှိမှုတွေနဲ့အတူ အပြစ်မတင်ဘဲ အဖြေရှာတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ဒီငါးခုသော ကိုယ်ရည်ကိုယ်သွေးတွေက ရင့်ကျက်မှုတစ်ခုဆီ ဦးတည်နေပြီလား...၊ သေချာပါတယ်။ ဒီအခါမှာ ကျွန်တော်တို့လိုချင်တဲ့ရင့်ကျက်မှုကို ရရှိသွားပါပြီ။ အေးချမ်းတဲ့လူ့အဖွဲ့အစည်းတစ်ခုဖြစ်ဖို့ လိုအပ်နေတဲ့အရည်အချင်းတစ်ခုဖြစ်တဲ့ ရင့်ကျက်မှုဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုကို ဆိုးရွားလှတဲ့ အရှုံးကနေရအောင် ယူကြည့်ကြစို့လား။ ထိုအရည်အချင်းတွေဟာ ကျွန်တော်တို့ပြောပြောနေတဲ့ EQ ဆိုတာပါပဲ။ အရှုံးထဲကအမြတ်ဆိုတာ ဒီအချက်ကို ဆိုလိုတာပါ။

**တရားတွေနဲ့ပြည့်နေတဲ့ ကိုယ်ပိုင်အိမ်လေးတစ်ခု ကိုယ်တိုင်ဆောက်ကြည့်**

ဒါပေမယ့် ကျွန်တော်တို့အားလုံး တကယ့်လက်တွေ့မှာ ရှုံးနေရာကနေ သင်ခန်းစာယူပြီး အမြတ်ထုတ်နိုင်ကြပြီလား။ ချမ်းသာချမ်းသာ၊ ဆင်းရဲဆင်းရဲ ဘာကိုမှ အလွတ်မပေးတဲ့ သဘာဝတရားကြီးပါ။ ဘာမှမမြဲ ပြနေတတ်တဲ့ တရားသဘောကို ဆင်ခြင်ရကောင်းမှန်း မသိ၊ သံဝေဂမရ၊ ဒုံရင်းဒုံရင်း၊ အရင်ကလည်းဒီစိတ်၊ အခုလည်း ဒီစိတ်ပဲ၊ ပြောင်းလဲမှုမရှိ ဘာမှလည်း ရင့်ကျက်မှုရှိမလာ၊ ငါမှငါ မညှာမတာ နားလည်မှုမပေး အရာရာငါ့အတွက် အတ္တချည်းသက်သက်တွေလည်း ရှိနေတတ်ကြပြန်ပါတယ်။ ကပ်ဘေးတစ်ခုဖြစ်လာရင် အားလုံးဟာဒုက္ခသည်ချည်းပေမယ့်ကိုယ်တစ်ယောက်ပဲ သောကဖြစ်တယ်ထင်၊ ကိုယ့်အလိုသာ ရှေ့တန်းတင်တတ်ကြတယ်။ ကိုယ်လွတ်ရုန်း ရုန်းထွက်ချင်ကြတယ်။ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာထက် သူများနေရာဝင်ကြည့်ဖို့ အတွေးမရှိတတ်ကြ။ ပုထုဇဉ်သဘော ဖြစ်လေ့ဖြစ်ထရှိတတ်တဲ့သဘောဆိုပေမယ့် ဘာမှအစိုးမရတဲ့ လောကကြီးမှာ ငါလည်း ဘယ်မှာမြဲမှာလဲ၊ အတိတ်ကလည်းပြခဲ့၊ မျက်မှောက်မှာလည်း ပြဆဲတရားသဘောကို ပိုပြီးမြင်အောင် ကြိုးစားကြည့်ကြစို့လား။

အားလုံး ဒုက္ခရောက်သူချင်း အချင်းချင်းကြားမှာ လိုချင်တာတွေ၊ လိုချင်စိတ်ကြီးနဲ့ တိုက်ရင်းခိုက်ရင်း ရခဲ့တော့လည်း ထိုရခဲ့ပိုင်ခဲ့တာတွေက သံသရာတစ်လျှောက်ပါသွားမယ့်အရာတွေလား၊ တစ်သက်လုံးကော ပိုင်ဆိုင်သွားမှာလား၊ ကိုယ်ပိုင်တဲ့အရာအားလုံးကော မြဲနေမှာလား၊ သံသရာတစ်လျှောက်ငါနဲ့အတူ ပါသွားမယ့်အရာတွေက အလိုနည်းတဲ့ကုသိုလ်စိတ်သာ ဖြစ်သင့်တယ်။ ကုသိုလ်စိတ်နဲ့ ကုသိုလ်ရုပ်ခန္ဓာ၊ ကုသိုလ်တွေနဲ့ ရောပြွမ်းရာ ငြိမ်းချမ်းတဲ့အိမ်လေးတစ်ခု၊ ဘယ်ကပ်ကြီးကမှ ဖျက်ဆီးလို့မရတဲ့ တရားတွေနဲ့ပြည့်နေတဲ့ အိမ်လေးတစ်ခု ကိုယ်တိုင်တည်ဆောက်ရပါမယ်။ ဒေါသနေရာမှာ သူ့အကျိုးလိုလားတဲ့ မေတ္တာစိတ်ကို အစားထိုးနိုင်ရင် စသဖြင့်၊ စသဖြင့် ဆင်ခြင်ကြည့်လိုက်ရင် ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်သင့်သလဲ တွက်ချက်တတ်လာပါလိမ့်မယ်။

**တရားသဘောနဲ့ စိတ်ကိုပြင်မှ ရနိုင်မယ်**

အဓိကအချက်က တစ်ဦးချင်းတစ်ဦးချင်းဆီမှာရှိနေတဲ့ စိတ်လေးတစ်ခုပါပဲ၊ သဘာဝကပ်ဘေးနောက်ဆက်တွဲ ရုပ်ပိုင်းပျက်စီးမှုက ကူညီလို့ရ၊ ကယ်လို့ရပါတယ်။ မိမိစိတ်ကိုတော့ မိမိကိုယ်တိုင်ကယ်မှ ရလိမ့်မယ်။ စိတ်ဓာတ်တွေပျက်စီးသွားရင် ကုသရခက်တဲ့သဘောပါ။ ပျက်စီးသွားတဲ့စိတ်တွေဆိုတာက မိမိအတွက်ရော လူ့အဖွဲ့အစည်းတိုးတက်မှုအတွက်ပါ ဆူးငြောင့်ခလုတ် ဖြစ်နေတတ်တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့စိတ်တွေကို အများကြီးပြင်မှရလိမ့်မယ်။ သဘာဝကပ်ကြီးကပေးလိုက်တဲ့ မမြဲသော၊ အရာရာဖြစ်ပြီးပျက် တရားသဘောကို မြင်ခဲ့ကြပြီးပြီပဲ။

တချို့ဆို မိမိရုပ်နဲ့နာမ် စက္ကန့်မလပ်ဖြစ်ပျက်မမြဲတဲ့ ကိုယ်တွင်းက ကပ်သဘောကိုတောင် သတိထားဆင်ခြင်နိုင်တဲ့ ပညာဉာဏ်ကြီးသူတွေတောင်ရှိနေကြပြီပဲ။ သတိပေးတဲ့သူတွေလည်း ခန္ဓာနဲ့ရင်းပြီး သတိပေးသွားခဲ့ကြပြီ။ ကျန်ခဲ့သူတွေက သတိ၊ သံဝေဂဖြစ်ပြီး ဆင်ခြင်သင့်တာ ဆင်ခြင်ဖို့သာပဲ။ ဖြစ်ချင်တိုင်းလည်းမဖြစ်၊ လိုချင်တိုင်းလည်းမရ၊ တောင်းတိုင်းလည်းပြည့်ချင်မှပြည့်၊ အစိုးမရတာ သိပြီးတဲ့နောက် ဘာကြောင့် လောဘနောက် တကောက်ကောက်လိုက်ကြမလဲ။

ယခုမြင်နေတွေ့နေရတဲ့ ဆင်းရဲဒုက္ခရဲ့ အကြောင်းတရားဟာ တဏှာသမုဒယကြောင့်ပဲဆိုတာသိခဲ့ရင် ပယ်သင့်တာပယ်ဖို့လည်း မနေးအမြန်ဖြစ်သင့်တယ်။ တကယ့်လက်တွေ့ ဖြစ်ပျက်မှုကတစ်ဆင့် ရလာတဲ့ သဒ္ဓါ၊ သတိ၊ ပညာနဲ့တကွ စိတ်ကိုပြင်နိုင်ကြရင် လောဘ၊ ဒေါသကြောင့်ဖြစ်တဲ့ မုန်းတီးမှုတွေ၊ မနာလိုမှုတွေကိုလည်း လျှော့ချနိုင်မယ်။ အတ္တနဲ့ မာန်မာနလည်း လျော့ပါးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သံသရာခရီးသွားအချင်းချင်းကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ မြင့်မြတ်တဲ့ဗြဟ္မစိုရ်တရားတွေ ပိုထားကြရပါတော့မယ်။ ကိုယ့်ကိုယ်ကိုယ်လည်း လုံလုံခြုံခြုံရှိဖို့ ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းကိုလည်း ငြိမ်းချမ်းစေဖို့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့အတိုင်း ပညာနဲ့ယှဉ်တဲ့အလှူဒါနတွေ ပိုလုပ်ကြရတော့မယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပိုပြီး ကြည်ညိုသဒ္ဓါပွားကြရလိမ့်မယ်။ သီလကိုလုံအောင်ထိန်းပြီး ဝိပဿနာတရားကိုလည်း ပိုအားထုတ်သင့်ကြတယ်။

မိမိကြောင့် ပတ်ဝန်းကျင်က သာယာလာမယ်၊ ငြိမ်းချမ်းလာမယ်ဆိုရင် ငြိမ်းချမ်းခြင်းရဲ့ ဆန့်ကျင်ဘက် အမုန်းတရားတွေလည်း လျော့ပါးလာမယ်လို့ ယူဆပါတယ်။ ကပ်ဘေးတွေရဲ့အဖျက်စွမ်းအားကို ကိုယ်တိုင်ကြုံတွေ့ခဲ့ကြပြီးနောက် ဘာကြောင့် လူအချင်းချင်း မုန်းတီးခြင်းကို လက်သင့်ခံကြတော့မလဲ၊ တကယ်တမ်း အမုန်းရဲ့ အဖျက်စွမ်းအားက ပိုပြီး ပိုပြီးကြီးပါတယ်။ ကျွန်တော်တို့ရဲ့ ပျက်စီးနေတဲ့စိတ်တွေ မပြင်ဆင်နိုင်သေးသရွေ့ ကိုယ့်စိတ်နဲ့တန်တဲ့ ဘဝတွေပဲ ရနေဦးမှာပါ။ အားနည်းချက်တွေရှိပေမယ့် အဲဒီအားနည်းချက်ကနေ ထိုးနှက်ချက်တွေအဖြစ် ပြောင်းမသွားအောင် အပြုသဘောမြင်ပေးဖို့လည်း လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အမုန်းကိုရပ်တန့်ပြီး ငလျင်ကြောင့် အပျက်အစီးတွေကို ပြန်လည်ထူမတ်ခြင်းဖြင့် မိမိတို့ရဲ့အသိဉာဏ်နဲ့တကွ ရင့်ကျက်မှုကို ပြသသင့်ပါပြီ။ စည်းလုံးမှုပြန်ရပြီး တိုးတက်မှုတစ်ခုဆီ ရှေ့ဆက်သင့်ပြီလို့သာ ဆိုပါရစေ။

ပြန်ပြီးချုပ်ရရင် ကျွန်တော်တို့အားလုံး အပျက်အစီးနဲ့ သေခြင်းတရားတွေကြားမှာ အားမလျှော့လက်မမြှောက်ဘဲ တရားသဘောနဲ့ ရင်ဆိုင်ပြီး စိတ်ခွန်အားမွေးကြစို့ဆိုပြီး ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုကို ပြန်လည်ပြင်ဆင်ရမှာဖြစ်သလို စိတ်ပိုင်းဆိုင်ရာထိခိုက်မှု Mental trauma ကိုလည်း တာရှည်ဖြစ်မသွားအောင် ပြုပြင်နေထိုင်ကြဖို့ ဖြစ်ပါတယ်။ ပျက်စီးမှုရှိပေမယ့် အလုံးစုံပျက်စီးသွားပြီလို့တော့ မယူလိုက်မိပါစေနဲ့။ အင်ဂျင်နီယာဝေါဟာရယူသုံးရရင် ပျက်စီးသွားတဲ့ ကော်လံတိုင်တွေကို Reinforce Rejecket အားဖြည့်ပြင်ဆင်လိုက်ရုံနဲ့ တိုက်ကြီးတစ်ခုလုံး ပြန်ကောင်းသွားနိုင်တာတွေ ရှိပါတယ်။ အရေးကြီးတာက ဒုက္ခရောက်သူအချင်းချင်း တစ်သားတည်းဖြစ်အောင်နေပြီး အပြန်အလှန် အားပေးနှစ်သိမ့်ကြဖို့ပါပဲ။ အတ္တနဲ့ရုန်း မထွက်ဘဲ ပရစိတ်ဓာတ်နဲ့အတူ ရုန်းကန်ကြဖို့ ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အမှီသဟဲပြု အထောက်အကူပြု ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်းကနေ တန်ဖိုးရှိတဲ့လူ့အသက်အချို့ကို ၇၂ နာရီအတွင်း ကယ်တင်နိုင်ခဲ့တဲ့အတွေ့အကြုံ၊ တန်ဖိုးကြီးဥစ္စာဓနပစ္စည်းအမြောက်အမြား ဆယ်တင်နိုင်ခဲ့တဲ့ အတွေ့အကြုံမျိုး များစွာရရှိခဲ့ပြီးပြီပဲ။ ယခုလိုအချိန်ကစပြီး မရှိသင့်တဲ့ မာန်မာနတွေ ဘာကြောင့် ထားရှိနေကြမှာလဲ။

တရားမမွေနဲ့သံဝေဂယူ ဆင်ခြင်နှလုံးသွင်းပြီး ကိုယ်တိုင်လည်းငြိမ်းချမ်းအောင်နေ ပတ်ဝန်းကျင်ကိုလည်း သာယာလှပအောင်လုပ်နိုင်ရင်တော့ ပိုပြီးအမြတ်ထွက်တာပေါ့။ ခံရသူဖြစ်ခဲ့ပေမယ့် ကိုယ်တိုင်ကယ်တင်ရှင်၊ ကိုယ့်ကိုယ်ကိုယ်သာ ဖန်တီးရှင်အဖြစ်ခံယူလိုက်ရင် အရှုံးဆိုတာခဏပါပဲ။ ။

❑ **ကျွန်တော်တို့အားလုံး အပျက်အစီးနဲ့ သေခြင်းတရားတွေကြားမှာ အားမလျှော့ လက်မမြှောက်ဘဲ တရားသဘောနဲ့ရင်ဆိုင်ပြီး စိတ်ခွန်အားမွေးကြစို့ဆိုပြီး ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုကို ပြန်လည်ပြင်ဆင်ရမှာဖြစ်သလို စိတ်ပိုင်းဆိုင်ရာထိခိုက်မှု Mental trauma ကိုလည်း တာရှည်ဖြစ်မသွားအောင် ပြုပြင်နေထိုင်ကြဖို့ ဖြစ်ပါတယ်။ ပျက်စီးမှုရှိပေမယ့် အလုံးစုံပျက်စီးသွားပြီလို့တော့ မယူလိုက်မိပါစေနဲ့။ အင်ဂျင်နီယာဝေါဟာရယူသုံးရရင် ပျက်စီးသွားတဲ့ ကော်လံတိုင်တွေကို Reinforce Rejecket အားဖြည့်ပြင်ဆင်လိုက်ရုံနဲ့ တိုက်ကြီးတစ်ခုလုံး ပြန်ကောင်းသွားနိုင်တာတွေ ရှိပါတယ်။ အရေးကြီးတာက ဒုက္ခရောက်သူအချင်းချင်း တစ်သားတည်းဖြစ်အောင်နေပြီး အပြန်အလှန် အားပေးနှစ်သိမ့်ကြဖို့ပါပဲ။ အတ္တနဲ့ရုန်းမထွက်ဘဲ ပရစိတ်ဓာတ်နဲ့အတူ ရုန်းကန်ကြဖို့ ဖြစ်ပါတယ်**

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် လျှော်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်နိုင်ရေး ယာယီဘာရာအဆောက်အအုံများ ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ် တင်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်နိုင်ရေး ယာယီဘာရာအဆောက်အအုံများ ဆောက်လုပ်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲဝင်းအတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့်မိသားစုများ ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် ဆောက်လုပ်လျက်ရှိသည့် ယာယီဘာရာအဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေများနှင့် ဆက်လက်ဆောက်လုပ်မည့်လျာထားမြေနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယာယီဘာရာအဆောက်အအုံများတွင် နေထိုင်ကြမည့် ဝန်ထမ်းနှင့်မိသားစုများအတွက် ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်ပေးရန်၊ အဆောက်အအုံများပတ်လည်တွင် ရေမဝပ်စေရေး ရေနုတ်မြောင်းများ ဆောင်ရွက်သွားရန်၊ လျှပ်စစ်မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး မီးအားထိန်းစနစ်များ ထည့်သွင်းတပ်ဆင်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများအား မေလမကုန်မီ ပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် မှာကြားခဲ့သည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုအတွင်း ကြီးမားသောပျက်စီးဆုံးရှုံးမှုများမရှိဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနအဆောက်အဦဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ကွဲခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများ ပြီးစီးပြီး ပြန်လည်နေထိုင်ခွင့်ပြုသည့် တိုက်အမှတ်(၂၁၁) နှင့် (၂၁၆) နေအိမ်အဆောက်အအုံများအတွင်း အသေးစိတ်ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ အဆိုပါအဆောက်အအုံများ၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းနှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လတ်တလောကာလအတွင်း မြို့တော်စည်ပင်မှ ပေးပို့သည့်သုံးရေမရရှိမီ ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ဌာနပိုင်ရေသယ်ယာဉ်များဖြင့် နေ့စဉ်တစ်နေ့လျှင် နှစ်ကြိမ်နှုန်း အဆောက်အအုံအနီးရှိ ရေလှောင်ကန်များသို့ ရေဖြည့်သွင်းပေးရန်၊ လျှပ်စစ်မီးလိုင်းများအား သေချာစွာပြန်လည်စစ်ဆေး၍ လိုအပ်ပါက အမြန်ပြုပြင်ပေးရန်နှင့် အဆောက်အအုံများအတွင်း အသေးစားထိခိုက်ပျက်စီးမှုများကို ဌာနအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်ပေးရန်တို့ကို မှာကြားကာ ဝန်ထမ်းနှင့် မိသားစုများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းပျက်စီးခဲ့သည့်ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးခြင်းနှင့် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေတို့ကို ဧပြီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၅)သို့ သွားရောက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်ခြင်းကြောင့် အဆောက်အအုံအနီးရှိ ကမ်းပါးမြေ ကျွံကျခဲ့သည့်အခြေအနေ၊ ထပ်မံပျက်စီးမှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးရေးအဖွဲ့များ စေလွှတ်စစ်ဆေး၍ အဆောက်အဦအထူးအဖွဲ့မှ Sheet Pile များ ရိုက်သွင်း၍ အမြန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ထပ်မံ မြေပြိုကျမှုမရှိစေရေး Sheet Pile များ ရိုက်သွင်းမှုကြောင့် အဆောက်အအုံကွဲခိုင်မှု မထိခိုက်စေရေး ပြုပြင်ဆောင်ရွက်ရန်နှင့် စောင့်ကြည့်မှတ်တမ်းတင်ခြင်းကိုလည်း အလေးထားဆောင်ရွက်ရန် မှာကြား၍ လုပ်ငန်းခွင်အတွင်း အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

**အထူးအလေးထား စစ်ဆေးဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ၏ ဘေးကင်းလုံခြုံမှု စစ်ဆေးဆောင်ရွက်နေသည့်စစ်ဆေးရေးအဖွဲ့များ၏ လိုက်လံစစ်ဆေးနေသည့် အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးပေးရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာအသင်း/အဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များ စုပေါင်းပြီး စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ အမြန်စစ်ဆေးဆောင်ရွက်စေခဲ့ပြီး အဆောက်အအုံများကို ပျက်စီးမှုအပေါ် မူတည်၍ အသေးစားပြုပြင်၍ ပြန်လည်အသုံးပြုနိုင်သည့်အခြေအနေအား အပြာရောင်အဆင့်အဖြစ် လည်းကောင်း၊ အကြီးစားပြုပြင်ရန် လိုအပ်ပြီး လတ်တလောနေထိုင်၍ မရသည့်အခြေအနေအား လိမ္မော်ရောင်အဆင့်အဖြစ် လည်းကောင်း၊ ပြိုကျသည့် အဆောက်အအုံများနှင့် ပျက်စီးမှုများပြားပြီး နေထိုင်ရန် မသင့်တော်သည့်အန္တရာယ်ရှိ အဆောက်အအုံများကို အနီရောင် အဆင့်အဖြစ် လည်းကောင်း သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် လူပျို/အပျိုရိပ်သာ အဆောက်အအုံများသို့ သွားရောက်စစ်ဆေးရာတွင် ခေတ်မီစက်ကိရိယာများ အသုံးပြုဆောင်ရွက်ခြင်းဖြင့် ပိုမိုတိကျသောအဖြေများကို ရရှိမည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့်အဖြေများကို စနစ်တကျမှတ်တမ်းထားရှိရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု အဆင့်သတ်မှတ်ရာတွင် တိကျသေချာစေရေး အထူးအလေးထား စစ်ဆေးဆောင်ရွက်ကြရန်နှင့် ပြုပြင်ဆောင်ရွက်သည့်အချိန်တွင်လည်း ကျွမ်းကျင်သော Structure Engineer ၏ ပညာရပ်ဆိုင်ရာ အကြံပြုချက်များ၊ ဒီဇိုင်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။



**ချီးမြှင့်ငွေများ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြေငလျင်လှုပ်ခတ်ခြင်းကြောင့် ပြိုကျခဲ့သည့် ဝန်ထမ်းမိသားစုများ၏ နေအိမ်လိုင်းခန်းများတွင် မိသားစုများ၏ အရေးကြီး စာရွက်စာတမ်းများ၊ တန်ဖိုးရှိသော လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆယ်တင်အသုံးပြုနိုင်သည့် ပစ္စည်းများ ပြန်လည်ရရှိနိုင်ရေး မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ရှာဖွေဆယ်တင်ရေး ဆောင်ရွက်နေသည့်နေရာသို့ သွားရောက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အခက်အခဲနှင့်လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး ကူညီရှာဖွေခြင်း ဆောင်ရွက်ပေးနေသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*❋ ကျောဖုံးမှ*

အသစ်ဖွင့်လှစ်ထားရှိသည့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ Roller Coaster၊ Bumper Car၊ Tea Cup နှင့် Merry-Go-Round များ စီးနင်းခြင်း၊ Dinosaur Kingdom တွင် လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ ချစ်စရာအရွယ် ဆင်လိမ္မာလေးများ၏ သရုပ်ပြဖျော်ဖြေမှုများအား ကြည့်ရှုပြီး ဆင်လိမ္မာကလေးများနှင့်အတူ ရေကစားခြင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်အငွေ့အသက်များပါရှိသည့် ရောင်စဉ်ခုနစ်သွယ်ရေပန်း လျှောက်လမ်းတွင် လမ်းလျှောက်၍ အေးသင်္ကြန်အငွေ့အသက်များ ခံစားခြင်း၊ လာရောက်အပန်းဖြေသူများအချင်းချင်း ကြည်နူးစွာဖြင့် သနပ်ခါးလိမ်းခြယ်ပေးကြပြီး အပြန်အလှန် ရေပက်ဖျန်းခြင်း၊ ရေတံခွန်အတွင်းရှိ ရေချိုးရေစိမ်နေရာများတွင် အပန်းဖြေအနားယူခြင်း၊ ပြင်ဦးလွင်နှင့် မန္တလေးဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းများကို လက်ဆောင်ဝယ်ယူခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်လမ်းလျှောက်သင်္ကြန်ကာလအတွင်း ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအတွက် အလှူရှင်များက နေ့ရက်အလိုက် စတုဒိသာများ ပါဝင်လှူဒါန်းကျွေးမွေး

**နေပြည်တော် ဧပြီ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်(အေးသင်္ကြန်)ကို ကျင်းပလျက်ရှိရာ ယနေ့ သင်္ကြန်အတက်နေ့တွင်လည်း လာရောက်ရေကစားကြသည့် ပြည်သူများက တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်း၍ အေးသင်္ကြန်ကို ပါဝင်ဆင်နွှဲကြကာ အလှူရှင်များကလည်း နေ့ရက်အလိုက် စတုဒိသာ အကျွေးအမွေးများဖြင့် ကုသိုလ်ပြု ပါဝင်လျက်ရှိကြသည်။

ထိုသို့ ကုသိုလ်ပြု ပါဝင်လှူဒါန်းလျက်ရှိရာ ယနေ့တွင် အလှူရှင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးမိသားစုက နေပြည်တော်လမ်းလျှောက် သင်္ကြန်ဧရိယာအတွင်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများ သုံးဆောင်နိုင်ရန်အတွက် အားဖြည့်အချိုရည်များနှင့် စတုဒိသာမုန့်မျိုးစုံကို လှူဒါန်းကြပြီး ပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ နှစ်သစ်တွင် ခွန်အားဖြစ်စေမည့် မင်္ဂလာနှုတ်ခွန်းဆက်စကား အားပေးပြောကြားသည်။

အလားတူ အလှူရှင်ဒေါ်မေဖူး (ILU) ဦးဆောင်သည့် အဖွဲ့က ကြာဆံကြော်ဘူး ၁၀၀၀ နှင့် သာဂူကျိုဘူး ၂၀၀၀ တို့ကိုလည်းကောင်း၊ Brilliant Aura ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဖျော်ရည်မျိုးစုံကိုလည်းကောင်း၊ Bellaire Production ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက စတုဒိသာမုန့်မျိုးစုံကိုလည်းကောင်း၊ ရိုးမ Group မှ ဒေါ်သန္တာဦးစီးသည့် အလှူရှင်များက ကြက်ပေါင်းဆီချက်ဘူး ၄၀၀၀ ကိုလည်းကောင်း လှူဒါန်းကြသည်။

ထို့အပြင် အေးသင်္ကြန်ကာလရက်များအတွင်း အောင်ဘာလေ အွန်လိုင်းထီ၊ Mytel Group၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမိသားစု၊ ရွှေသံလွင်မိသားစု၊ Forever Group၊ Myansat DTH နှင့် မင်္ဂလာရုပ်ရှင်ရုံအုပ်စုတို့မှ အလှူရှင်များကလည်း စတုဒိသာမုန့်မျိုးစုံတို့ကို နေ့ရက်အလိုက် ပါဝင်လှူဒါန်းခဲ့ကြသည့်အတွက် နေပြည်တော် အေးသင်္ကြန်ပွဲတော်သို့ ပါဝင်ဆင်နွှဲခဲ့ကြသည့် ပြည်သူအားလုံးအတွက် လုံလောက်သည့်အပြင် ပိုလျှံစွာသုံးဆောင်နိုင်ခဲ့ကြကြောင်း သိရသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး မိသားစုက အားဖြည့် အချိုရည်များနှင့် စတုဒိသာမုန့်မျိုးစုံကို လှူဒါန်းစဉ်။




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး မိသားစုက စတုဒိသာမုန့်မျိုးစုံ လှူဒါန်းကြစဉ်။

ထိုသို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ကျင်းပလျက်ရှိသည့် ယခုနှစ် အေးသင်္ကြန်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ပြည်သူများသည် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ရေပက်ဖျန်းကစားခဲ့ကြပြီး နှစ်ဟောင်းမှ တွေ့ဆုံကြုံတွေ့ခဲ့ရသည့် အဆိုးအညံ့များ၊ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင် ဖယ်ရှားကာ မင်္ဂလာရှိသည့် နှစ်သစ်ကိုအေးချမ်းစွာ ကူးပြောင်းခဲ့ကြသည်။

ထို့ပြင် အလှူရှင်များကလည်း စေတနာသဒ္ဓါတရား ထက်သန်စွာ စတုဒိသာကျွေးမွေး လှူဒါန်းမှုများဖြင့် ပါဝင်အားဖြည့်ပေးခဲ့ကြသည်။

မြန်မာ့နှစ်ဟောင်းတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးခဲ့မှုများ ရှိခဲ့သော်လည်း အေးသင်္ကြန်ကာလအတွင်း အတာရေဖြင့် ပြည်သူများ၏ ကိုယ်စိတ်နှလုံး အေးချမ်းခဲ့သည့်အပြင် စေတနာရှင် အလှူရှင်များ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် အားပေးစကားများကြောင့် ပြည်သူများ အထိုက်အလျောက် စိတ်သက်သာမှုရရှိခဲ့ကြသည်။

ထို့ပြင် နှစ်သစ်တွင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပြည်သူ တစ်သားတည်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်နိုင်ကြတော့မည့် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များလည်း ရရှိခဲ့ကြောင်းနှင့် ရှေ့ဆက်လျှောက်လှမ်းရမည့် အနာဂတ်တွင်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး ကဏ္ဍများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အားတစ်ခု ဖြစ်စေခဲ့ကြောင်း သင်္ကြန်တွင်း လာရောက်ရေကစားသူ လူငယ်အချို့ထံမှ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် ယာယီဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၅ ရက် နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် မြေနေရာ၌ သမဝါယမဦးစီးဌာနမှ ငလျင်ဒဏ်သင့် အမှုထမ်း ၆၀ နှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် လေးခန်းတွဲ တစ်ထပ်အိမ်ရာ အလုံး ၂၀၊ အရာထမ်း ၂၀ နှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် နှစ်ခန်းတွဲ တစ်ထပ်အိမ်ရာ အလုံး ၂၀ တည်ဆောက်မည့်နေရာကို လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အမှုထမ်း ၂၈ ဦးနှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် လေးခန်းတွဲ တစ်ထပ်အိမ်ရာ ခုနစ်လုံး၊ အရာထမ်း ၃၂ ဦးနှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် နှစ်ခန်းတွဲ တစ်ထပ် အိမ်ရာ ၁၆ လုံး တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မေလပထမပတ်အတွင်း ပြီးစီးအောင် တည်ဆောက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရုံးချုပ်သို့ သွားရောက်ပြီး ယာဉ်ရပ်နားဝင်းအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းများ ယာယီတည်းခို နေထိုင်နိုင်ရေးအတွက် အိမ်ခန်းများ ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးမြေနေရာသို့ သွားရောက်၍ အမှုထမ်း ၈၀ ယာယီ နေထိုင်နိုင်ရေးအတွက် လေးခန်းတွဲ၊ တစ်ထပ်အိမ်ရာ ၁၀ လုံး ဆောက်လုပ်နေမှုနှင့် ရေ၊ မီး၊ မိလ္လာလုပ်ငန်းများကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြောက်လွတ်ကုန်းပစ္စည်းသိုလှောင်ရုံသို့ သွားရောက်၍ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေးအတွက် အိပ်ခန်းများ ဆောက်လုပ်နေမှုကို လည်းကောင်း၊ သင်တန်းသား အိပ်ဆောင်ဝင်းအတွင်း ယာယီအိမ်ရာများ တည်ဆောက်မည့်မြေနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား တည်ဆောက်ရေးလုပ်ငန်းများကို မိုးရာသီ မရောက်မီ သတ်မှတ်အရည်အသွေး ပြည့်မီစွာပြီးစီးရေး၊ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေး တိုက်တွန်းမှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမဦးစီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများ ယာယီ တည်းခိုနေထိုင်သော လယ်ဝေးမြို့ မဟာစည်သဒ္ဒသနာ ရိပ်သာသို့ သွားရောက်၍ ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေး ကိစ္စများ အဆင်ပြေမှု ရှိ / မရှိ မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ယန္တရားဝင်းသို့ သွားရောက်၍ ယန္တရားဂိုဒေါင်အတွင်း ဝန်ထမ်းများ ယာယီ တည်းခိုနေထိုင်ရေး အိပ်ခန်းများ စီစဉ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) MICC-2 ခန်းမအနီးရှိ ရေကန်ဆည်မှ ရေကို ရွှေ့လျားရေသန့်စင်ကားဖြင့် ရေများသန့်စင်ပြီး သောက်သုံးရေသန့်များ ဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အလှူရှင်များ လာရောက်လှူဒါန်းသည့် ငလျင်ဘေးကယ်ဆယ်ရေးပစ္စည်း ရွက်ဖျင်တဲများကိုလက်ခံပြီး ရွက်ဖျင်တဲများ တပ်ဆင်တည်ဆောက်နေမှုနှင့် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုများအား နေရာချထားမှုကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိုခိုမိသားစုများအား ယာယီနေထိုင်နိုင်ရန်အတွက် ဥတ္တရသီရိမြို့နယ် နေပြည်တော်ဗဟိုသင်တန်းကျောင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ စုစုပေါင်း ၁၀၆၉ ဦးအားလည်းကောင်း၊ ပေါင်းလောင်းရေအားလျှပ်စစ် အမှတ် (၁) တည်ဆောက်ရေးဝင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေစုစုပေါင်း ၄၀၅ ဦးအားလည်းကောင်း ယာယီစုစည်း၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ အလှူရှင်များ လာရောက်လှူဒါန်းသည့် ငလျင်ဘေးကယ်ဆယ်ရေးပစ္စည်း ရွက်ဖျင်တဲများကို လက်ခံပြီး ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မှီခိုမိသားစုများ ယာယီနေထိုင်နိုင်ရန် ရွက်ဖျင်တဲများ အမြန်တပ်ဆင်တည်ဆောက်နေမှု၊ သင်တန်းဆောင် အဆောက်အအုံခန်းမအတွင်း အခန်းများဖွဲ့စည်း၍ နေရာချထားမှုနှင့် Modular House များ တည်ဆောက်နိုင်ရန် မြေနေရာပြုပြင်ဆောင်ရွက်နေမှု၊ ပေါင်းလောင်းရေအားလျှပ်စစ် အမှတ် (၁) တည်ဆောက်ရေးဝင်းနှင့် နေပြည်တော်ပင်မခေတ်အားခွဲရုံ(၂)တို့တွင် နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် ဗဟိုသင်တန်းကျောင်းတွင် ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် Southern Power Grid (CSG) မှ လာရောက်လှူဒါန်းသည့် ၃ မီတာ x ၄ မီတာအရွယ် ယာယီရွက်ဖျင်တဲ အလုံး ၁၃၀နှင့် ၅ မီတာ x ၆ မီတာအရွယ် ယာယီရွက်ဖျင်တဲ ၁၂ လုံးတို့အား လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဗဟိုသင်တန်းကျောင်းဝင်းအတွင်း မြေနေရာလွတ်များတွင် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မှီခိုမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် Southern Power Grid (CSG)မှ လာရောက်လှူဒါန်းသည့် ယာယီရွက်ဖျင်တဲများ တပ်ဆင်တည်ဆောက်နေမှု၊ သင်တန်းဆောင် အဆောက်အအုံခန်းမအတွင်း အခန်းများဖွဲ့စည်းဆောင်ရွက်ပြီး၍ ဝန်ထမ်းများနှင့် မှီခိုမိသားစုများအား နေရာချထားမှု၊ သင်တန်းကျောင်းဝင်းအတွင်း မြေနေရာလွတ်များတွင် Modular House များ တည်ဆောက်နိုင်ရန် Backhoe ယာဉ်ဖြင့် မြေနေရာပြုပြင်ဆောင်ရွက်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယာယီဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ယာယီတဲများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများအား ရေ၊ မီး၊ မိလ္လာ ပြည့်စုံအဆင်ပြေစွာဖြင့် နေထိုင်နိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ပြီးစီးရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် အမှတ်(၁) တည်ဆောက်ရေးဝင်းသို့ သွားရောက်ပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများအား ယာယီနေထိုင်နိုင်ရေးအတွက် ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုကို အဆောက်အအုံတစ်ခုချင်းစီအလိုက် အသေးစိတ် လိုက်လံစစ်ဆေး၍ အခန်းများဖွဲ့စည်းပြီး စနစ်တကျ နေရာချထားနိုင်ရေးနှင့် ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေစွာနေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် ပင်မခေတ်အားခွဲရုံ(၂)သို့ ရောက်ရှိပြီး ဝန်ထမ်းအိမ်ရာရှိ မြေနေရာလွတ်များတွင် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မှီခိုမိသားစုများအား အနည်းဆုံး တစ်နှစ်တာကာလ လုံခြုံစွာနေထိုင်နိုင်ရေးအတွက် ခြောက်ခန်းတွဲ တစ်ထပ် ယာယီဘာရာအဆောက်အအုံများ တည်ဆောက်နိုင်ရေး မြေနေရာများအား ရွေးချယ်သတ်မှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဝန်ကြီးဌာနအဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တက်ရောက် ယာယီဘာရာအဆောက်အအုံများ ဆောက်လုပ်ရန်ပြင်ဆင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၆

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးဌာနအဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ယင်းဝန်ကြီးဌာန ရုံးအမှတ် (၃၃) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်သည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ဝန်ကြီးဌာနအလိုက် ငလျင်ဘေးသင့် အဆောက်အအုံများ၏ အဆင့်သတ်မှတ်ချက်များအား ထုတ်ပြန်ပေးလျက် ရှိကြောင်း၊ ယင်းသတ်မှတ်ချက်များအရ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သော တိုက်/အဆောင်များအနက် အသေးစားပျက်စီးမှုစာရင်းတွင် ပါဝင်သည့် တိုက်/အဆောင်များကို စစ်ဆေး၍ လိုအပ်သော ပြင်ဆင်မှုများ အမြန်ဆုံး ဆောင်ရွက်ပြီး နေထိုင်ရာတွင် ရေ/မီးမှ အစအဆင်ပြေအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ငလျင်ဘေးသင့် အဆောက်အအုံများတွင် လူနေထိုင်ရန် ခွင့်ပြုချက်မရရှိဘဲ နေထိုင်ခြင်းမျိုး မပြုလုပ်ကြရန် တာဝန်ရှိသူများက အဆင့်ဆင့် ကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်မည့် ယာယီဘာရာ အဆောက်အအုံများတွင် နေထိုင်မည့် ဝန်ထမ်းစာရင်းများကို မှန်ကန်အောင် ပြုစုတင်ပြရန် လိုအပ်ကြောင်း၊ ငလျင်ဘေးသင့် ဝန်ထမ်းများနေထိုင်ရန် ယာယီနေရာချထားပေးသည့် ယာယီတဲများတွင် အခြေခံလိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းအလိုက် အကောင်အထည်ဖော်ရာတွင် တာဝန်ယူဆောင်ရွက်ရသည့် ဌာနများအနေဖြင့် မှတ်တမ်းမှတ်ရာများ ထားရှိ၍ စနစ်တကျ အကောင်အထည်ဖော်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးသင့် ဝန်ထမ်းများ ယာယီနေထိုင်ရန် နေရာချထားမည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသင်တန်းကျောင်းနှင့် ရုံးပတ်ဝန်းကျင်အနီးတွင် ဝန်ထမ်းနှင့် မိသားစုဝင်များအတွက် ယာယီနေထိုင်နိုင်ရန် ယာယီဘာရာ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာနှင့် အဆောက်အအုံဆောက်လုပ်နိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်ကြရေး၊ ရေ/မီးနှင့် အခြေခံလိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ လုပ်ငန်းများကို ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသုံးကုန်ပစ္စည်းများကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၅ ရက် ည ၇ နာရီမှ မေ ၁၆ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ အိန္ဒိယနိုင်ငံနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ လူသုံးကုန်ပစ္စည်းများ၊ ယာယီအခိုအကာပစ္စည်းများနှင့် စားသောက်ကုန်များသည် လေယာဉ်နှစ်စင်းဖြင့် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၆၇ ဒသမ ၂၃၂ တန်ကျော် ဆိုက်ရောက်ခဲ့သည်။

**ထောက်ပံ့ရေးပစ္စည်းများကို အမြန်ဆုံးခွဲဝေထောက်ပံ့**

ပြည်တွင်း ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မဟာသင်္ကြန်ပွဲတော်အတက်နေ့၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး အေးချမ်းစွာ စုပေါင်းရေကစား၊ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသည် မဟာသင်္ကြန်ပွဲတော်အတက်နေ့၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး အေးချမ်းစွာ စုပေါင်းရေကစားကာ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

**တရားဒေသနာတော်များနာယူ**

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အတက်နေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ကုသိုလ်ဒါနဘောဇဉ်ကျွေးမွေးခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဒေသနာတော်များရရှိစေရန် မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်လျက်ရှိသည့် တရားရိပ်သာ တရားစခန်းများ၌ တရားထိုင်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

ထို့အတူ သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက တရားစခန်းရှိ တရားချစ်ခင် သူတော်စင်၊ သူမြတ်အပေါင်းတို့အား တရားဒေသနာတော်များ ဟောကြားတော်မူရာ နာယူကြည်ညိုကြသည်။

မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီးဥယျာဉ်ကန်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို ကန်တော်ကြီးဥယျာဉ်ကန်အတွင်းသို့ ကုသိုလ်ဒါနအဖြစ် လွှတ်ပေးကြသည်။

**သပြေခက်ဖြင့် ရေပက်ဖျန်း**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ အလှူရှင်များက ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းနေမှုနှင့် လမ်းလျှောက်မဟာသင်္ကြန်တွင် ပြည်သူများ အေးချမ်းသာယာစွာ စုပေါင်းရေကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ပွဲတော်လာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများစုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းပွဲနှင့် ရန်ကုန်လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ တက်ရောက်အားပေးကြပြီး မြန်မာ့သနပ်ခါးဖြင့်



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မဟာသင်္ကြန်အတက်နေ့တွင် ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။

ပွဲတော်လာကြသူများနှင့် ဝန်ထမ်းမိသားစုများအား လိမ်းခြယ်ပေးပြီး သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

**မြန်မာ့သနပ်ခါးကို လိမ်းခြယ်**

မဟာသင်္ကြန်အတက်နေ့၌ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်တွင် အေးချမ်းစွာ ရေကစားရန်အတွက် ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်သူများသည် မိသားစုအဖွဲ့လိုက်၊ မိတ်ဆွေသူငယ်ချင်းအဖွဲ့လိုက်ဖြင့် စုရုံးရောက်ရှိလာပြီး အလှူရှင်များ ကျွေးမွေးလှူဒါန်းသည့် စတုဒိသာများကို စနစ်တကျ စားသုံးကြကာ စုပေါင်းရေကစားကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ မြန်မာ့သနပ်ခါးကို လိမ်းခြယ်ပေးကြသည်။

ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး ရန်ကုန်လမ်းလျှောက်မဟာသင်္ကြန်တွင်လည်း ရန်ကုန်မြို့တော်သူ မြို့တော်သားများသည် သင်္ကြန်ရေအေးကို စုပေါင်းကာ အေးချမ်းသာယာစွာ ကစားကြပြီး သင်္ကြန်ပျိုလေးများက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်စုကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ သနပ်ခါးလိမ်းခြယ်ကာ သရုပ်ဖော်ကြသည်။

ထို့ပြင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ယာဉ်ရပ်နားရာ၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်အတက်နေ့တွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများကို စတုဒိသာကျွေးမွေးကြသည်။

**စတုဒိသာကျွေးမွေးလှူဒါန်း**

ထို့အတူ ပြည်သူများအား ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့်(၅၁)ထောင့် အမှတ်(၁၀)ရပ်ကွက် ပီတိမေတ္တာလူမှုကူညီကယ်ဆယ်ရေးအသင်းနှင့် ခုနစ်ရက်သားသမီးအလှူရှင်များ၏ စုပေါင်းအလှူအဖြစ် ထောပတ်ထမင်း၊ ကြက်သားဟင်း၊ သရက်ချဉ်သုပ်၊ အအေးတို့ဖြင့်လည်းကောင်း၊ (၄၉) လမ်းရှိ လပြည့်ဆွမ်းလောင်းမိသားစုမှ ထမင်း၊ ကြက်ပဲကုလားဟင်းတို့ဖြင့်လည်းကောင်း စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း အထွေထွေအုပ်ချုပ်ရေးရုံးရှေ့ရှိ စတုဒိသာမဏ္ဍပ်၌ ကြက်ဆီထမင်းဖြင့်လည်းကောင်း စတုဒိသာများ ကျွေးမွေးလှူဒါန်းလျက်ရှိအပြင် ယနေ့မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များ၌ အလှူရှင်များက ကုသိုလ်ဒါနဖြင့် ပြည်သူများအား စတုဒိသာများ ကျွေးမွေးကြပြီး ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ညနေပိုင်းအထိ အေးချမ်းစွာ စုပေါင်းရေကစားကာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်း-နေကိုဇော်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစု စတုဒိသာကျွေးမွေးပွဲတွင် သင်္ကြန်ပျိုမယ်လေးများ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ မြန်မာ့သနပ်ခါးလိမ်းခြယ်ပေးကြစဉ်။



မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၄၉)လမ်းမိသားစုများက စတုဒိသာများ ကျွေးမွေးလှူဒါန်းစဉ်။



မဟာသင်္ကြန်အတက်နေ့တွင် ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် (၅၁)လမ်းထောင့် ပီတိမေတ္တာလူမှုကူညီကယ်ဆယ်ရေးအသင်းနှင့် ခုနစ်ရက်သားသမီးအလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းစဉ်။

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အတက်နေ့) မြင်ကွင်းပုံရိပ်များ



မွန်ပြည်နယ် ပေါင်မြို့နယ်၌ မဟာသင်္ကြန်အတက်နေ့တွင် အကြိမ် (၄၀)မြောက် သက်ကြီးပူဇော် ကန်တော့ပွဲ ကျင်းပပြုလုပ်စဉ်။ မွန်မလေး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ပရိဝုဏ်၌ မဟာသင်္ကြန်အတက်နေ့တွင် ဥပုသ်သီလဆောက်တည်သူများအား တွေ့ရစဉ်။ ဟန်စုယဉ်



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ သက်ကြီးအဘိုးတစ်ဦးအား လက်သည်းညှပ်ပေးခြင်း ကုသိုလ်ပြု ဆောင်ရွက်ပေးနေစဉ်။



မဟာသင်္ကြန်အတက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ သက်ကြီးဘိုးဘွားများအား ခြေသည်း လက်သည်း ညှပ်ပေးခြင်း ကုသိုလ်ပြုဆောင်ရွက်ပေးနေစဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က မဟာသင်္ကြန်အတက်နေ့တွင် စတုဒိသာ သုံးဆောင်သူများအား သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးစဉ်။ ဝင်းဇော်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ မဟာသင်္ကြန်အတက်နေ့တွင် နှစ်သစ်ကူးစတုဒိသာကျွေးမွေး ကုသိုလ်ပြုဆောင်ရွက်နေမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)

# အပြာရောင်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများ၌ ဝန်ထမ်းများပြန်လည်နေထိုင်နိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော် မေ ၁၆**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုမရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ပြန်လည်နေရာချထားပေးနိုင်သည့် အပြာရောင်အဆင့် သတ်မှတ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန ဝန်ထမ်းအိမ်ရာများအား မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက ပြန်လည်နေထိုင်ကြသည့် ဝန်ထမ်းများအား စနစ်ကျနသော နေထိုင်မှု၊ အိမ်ခန်းထိန်းသိမ်းစောင့်ရှောက်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေဆင်းတက္ကသိုလ်များနယ်မြေ ရေဆင်းတိုက်နယ်ဆေးရုံ၌ တက်ရောက်မီးဖွားခဲ့သော ဝန်ထမ်းမိသားစုဝင်နှင့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများ အခြေမပျက် ပြန်လည်နေထိုင်နိုင်သော အိမ်ခန်းပေါင်း ၈၀ ခန်းရှိရာ အသေးစားပြင်ဆင်မွမ်းမံမှုလိုအပ်ချက်အား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်သွားနိုင်ရေး စီမံထားရှိကြောင်း၊ ကျန်ရှိသည့် ဝန်ထမ်းများအား ဝန်ကြီးဌာနမှ အမိုးအကာများ ဆောက်လုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ငလျင်ဘေးဒဏ်သင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများအား တတိယအကြိမ်စစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မတ် ၂၈ ရက်၌ လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအတည်ပြုပြီး လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများအား တတိယအကြိမ် လိုက်လံကြည့်ရှုစစ်ဆေးသည်။



### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ နေထိုင်ခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်း ဘောဂသိဒ္ဓိရပ်ကွက်ရှိ ပိတောက်အိမ်ရာ တိုက်အမှတ် (၈၂၁၊ ၈၂၂ နှင့် ၇၄၇) တို့ကိုလည်းကောင်း၊ ဇေယျာသိဒ္ဓိရပ်ကွက်ရှိ စံပယ်အိမ်ရာ တိုက်အမှတ် (၃၅) တို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အသေးစား၊ အလတ်စားနှင့် အကြီးစားပြုပြင်မှုများအား စတင်ပြုပြင်ဆောင်ရွက်မည့် အချိန်နှင့် ပြုပြင်ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများ ပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

### ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ Cluster-6 တွင် ယာယီပြောင်းရွှေ့နေထိုင်သော ဝန်ထမ်းများက နေထိုင်စားသောက်မှုများ၊ သောက်ရေနှင့် သုံးရေအခက်အခဲများအား တင်ပြခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ဌာနခွဲအသီးသီးမှ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယဝန်ကြီးများက ဆွေးနွေးပြောကြားရာတွင် ယခုလို ထောက်ပံ့လှူဒါန်းပေးခဲ့သည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များအား အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ထောက်ပံ့ငွေများနှင့် စားသောက်ကုန်များကို ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အညီအမျှ အချိုးကျခွဲဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအားလုံး ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြသော်လည်း အခက်အခဲများကို ကြံ့ကြံ့ခံ၍ မိသားစုစိတ်ဓာတ်ထားရှိပြီး ဝန်ထမ်းများအချင်းချင်း ရိုင်းပင်းကူညီကြရန်လိုကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်စွက်အမှာစကား ပြောကြားရာတွင် အုပ်ချုပ်မှုလျော့နည်းထူးခြားဖြစ်စဉ်များ မဖြစ်အောင် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆင့်ကဲဆင့်ကဲ ကျေပွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း ညီညီညွတ်ညွတ်နှင့် စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ပူးပေါင်းဆောင်ရွက်၍ နေထိုင်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၏ ရုံးအဆောက်အအုံ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် မေ ၁၅ ရက်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၏ ရုံးအဆောက်အအုံ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ထမ်းများအား ယာယီနေရာချထားမှုနှင့် အစားအသောက်များ ဖြန့်ဝေပေးခြင်းများ၊ ရေ၊ မီး ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဧပြီ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့်ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဧပြီ ၁၆ ရက်တွင် ဆယ့်ရှစ်ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့(မနောသုခ- Export Quality) ၈၈၆၅ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၉၈၀ ၊ ဆီ ပိဿာ ၂၁၃၉၀ ၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၃၈၂၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၄၆၂၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၄၂၄ အိတ်၊ စားအုန်းဆီ ပိဿာ ၃၀၈၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့(ရွှေဝါထွန်း) ၂၃၄ အိတ်၊ စားအုန်းဆီ ပိဿာ ၃၃၀၀ ၊ ကြက်ဥအလုံး ၄၃၆၀ ၊ ကြက်သွန်နီ ပိဿာ ၄၅၀ ၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ငါးလုပ်ငန်းဦးစီးဌာနမှ ရေခဲငါးများအား ဝန်ထမ်းများနှင့် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဧပြီ ၁၆**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ကြီးဌာနများဖြစ်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနများရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့ရှိ ဝန်ထမ်းများနှင့် နေပြည်တော် သပြေကုန်းရှိ ရပ်ကွက်များနှင့် ဥတ္တရသီရိမြို့နယ် ချင်းရွာရှိ ပြည်သူများသို့ ရေခဲငါး(ငါးမဲလုံး)များကို သက်သာသောနှုန်းထားဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဧပြီ ၁၄ ရက် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် စုစုပေါင်း ငါးပိဿာချိန် ၁၀၀၀ ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကြံခင်းမြို့၌ မဟာသင်္ကြန်အတက်နေ့ ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများပြုလုပ်

**ကြံခင်း ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မဟာသင်္ကြန်အတက်နေ့တွင် မြန်မာ့ရိုးရာအစဉ်အလာမပျက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ရေကစားခြင်းနှင့် စတုဒိသာမုန့်များကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက မဟာဗောဓိလမ်း လမ်းလျှောက်မဏ္ဍပ်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရိုးရာအစဉ်အလာမပျက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ရေကစားခြင်းနှင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ကို အေးချမ်းစွာဖြင့် ရေကစားခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းကို အေးချမ်းစွာ ဆင်နွှဲကြပြီး မြန်မာ့သနပ်ခါးလိမ်းခြယ်ပေးကြသည်။ သင်္ကြန်ကာလအတွင်း ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ညစဉ် ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နေပြည်တော်ကောင်စီနယ်မြေ၌ မြန်မာ့ရိုးရာသင်္ကြန်(အတက်နေ့)တွင် ကုသိုလ်ကောင်းမှုများစွာဖြင့် အေးချမ်းသာယာသောမဟာသင်္ကြန်အဖြစ် ကျင်းပဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဧပြီ ၁၆**

သင်္ကြန်၏အနက်အဓိပ္ပာယ်တွင် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းနှင့် ကောင်းခြင်းမင်္ဂလာတို့ တိုးတက်ပွားများလာစေရန် ဆေးကြောသန့်စင်ခြင်းဟူ၍ ဆိုသည့်အတိုင်း သင်္ကြန်အခါသမယတွင် ခေါင်းလျှော်ခြင်း၊ ရေပက်ဖျန်းကစားခြင်းတို့သည် အဆိုးအညစ်တို့ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန် ရည်သန်ဆေးကြောကြခြင်းဟု ဆိုရမည်ဖြစ်သည်။

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာသင်္ကြန်(အတက်နေ့)တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ပြည်သူများနှင့် ဝန်ထမ်းများသည် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ အတီးအမှုတ်၊ အကအခုန်၊ အပျော်အပါး တို့လွှမ်းသော သင်္ကြန်ပုံရိပ်များကို ဖယ်ရှားကာ ယဉ်ကျေးသိမ်မွေ့စွာ ကုသိုလ်ကောင်းမှုများပြုလုပ်ကြပြီး တစ်ဦးနှင့်တစ်ဦး မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခြင်းနှင့် နှစ်ဟောင်းမှ အဆိုးအညစ်တို့ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန်ရည်ရွယ်၍ သန့်စင်ဆေးကြောခြင်း အဓိပ္ပာယ်ဖော်ဆောင်ကာ ရေပက်ကစားခြင်းတို့ ဆောင်ရွက်ကြသည်။

နေပြည်တော် ပြည်သူ၊ ပြည်သားများသည်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် မိသားစုအလိုက်သော်လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းများနှင့်သော်လည်းကောင်း လာရောက်ကြကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ကုသိုလ်ဒါနဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားရိပ်သာများ၌ တရားစခန်းဝင်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို စိတ်အေးချမ်းစွာ ဆောင်ရွက်ကြသည်။

ထို့အတူ သက်ကြီးဘိုးဘွားများကိုလည်း ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ မြန်မာ့ရိုးရာမုန့်များကို စုပေါင်းပြုလုပ်၍ စတုဒိသာများကျွေးမွေးလှူဒါန်းခြင်း၊ ရဟန်းသံဃာများအား ဆွမ်းများလောင်းလှူခြင်း စသည့်ကုသိုလ်ကောင်းမှုများ ပြုလုပ်၍လည်း နှစ်သစ်ကို ကြိုဆိုကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်)အဖြစ် ကျင်းပလျက်ရှိကြရာ နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်တွင်လည်း တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့်သော်လည်းကောင်း၊ ရေဖလားဖြင့်သော်လည်းကောင်း ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းပေးကြပြီး စတုဒိသာမဏ္ဍပ်များ၌ အသင့်တည်ခင်းထားသည့် မြန်မာ့ရိုးရာမုန့်မျိုးစုံကိုလည်း ပြည်သူများ စားသုံးနိုင်ရန် ဝေငှလှူဒါန်းပေးကြသည်။

ထို့ပြင် နေပြည်တော် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌လည်း နှစ်ဟောင်းတွင် ကိန်းအောင်းနေသည့် ဘေးဥပဒ်အန္တရာယ်များ၊ အဆိုးအညစ်များအား ပပျောက်ကင်းစင်ကာ သန့်ရှင်းခြင်းသို့ ရောက်ရှိစေရန် အဓိပ္ပာယ်ဖော်ဆောင်သည့်အနေဖြင့် ရေဖလားများဖြင့် ညီရင်းအစ်ကိုမောင်နှမသဖွယ် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားကြသည့်အပြင် ကုသိုလ်ကောင်းမှုအလှူအတန်းများအနေဖြင့် သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်းနှင့် နေ့စဉ်နံနက်နှင့် ညနေပိုင်းများတွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများကို စတုဒိသာကျွေးမွေးလှူဒါန်းခြင်းမြင်ကွင်းသည်လည်း မြန်မာတို့၏ ကုသိုလ်ကောင်းမှုသဒ္ဓါတရား ထက်သန်မှုကို ဖော်ကျူးလျက်ရှိသည်။

အဆိုပါ အေးသင်္ကြန်မဏ္ဍပ်များတွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းခြယ်ခြင်းကဏ္ဍလည်း ထည့်သွင်းထားရာ အများပြည်သူများ အထူးစိတ်ဝင်စားစွာဖြင့် မြန်မာ့သနပ်ခါးကို မြတ်နိုးစွာ လိမ်းခြယ်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျင်းပသည့် အေးသင်္ကြန်မဏ္ဍပ်များသို့ ပါဝင်ဆင်နွှဲကြသည့် အများပြည်သူများအနေဖြင့်လည်း ဟီရိဩတ္တပ္ပကင်းသော အဝတ်အစားများ ဝတ်ဆင်ကြခြင်း၊ မူးယစ်သောက်စားရန်ဖြစ်ကြခြင်း စသည့်အပြုအမူများကို ရှောင်ကြဉ်ကြကာ မြန်မာဆန်သည့် အဝတ်အစားများဖြင့် မြန်မာ့မှု၊ မြန်မာ့ဟန်များကို ထုတ်ဖော်ပြသလျက်ရှိသည်။

အလားတူ မြို့နယ်၊ ရပ်ကွက်အလိုက် စတုဒိသာများ ကျွေးမွေးခြင်း၊ သင်္ကြန်မဏ္ဍပ်ငယ်များ ဆောက်လုပ်ကာ တစ်ဦးနှင့်တစ်ဦး အေးချမ်းစွာ ရေပက်ကစားခြင်းတို့ဖြင့် အေးချမ်းသာယာသောသင်္ကြန် (အေးသင်္ကြန်အတက်နေ့)ကို ဖြတ်သန်းကြကာ နှစ်သစ်ကို စိတ်အေးချမ်းသာယာမှုနှင့် အတူ ကုသိုလ်ကောင်းမှုများပေါင်းစုကာ အတူတကွဖြတ်သန်းခဲ့ကြသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့အား ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းစွာ ကျင်းပ

**ပဲခူး ဧပြီ ၁၆**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့အား ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာစွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများက အေးချမ်းသာယာသောသင်္ကြန် (အေးသင်္ကြန်)ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်ဖြင့် ရေပက်ဖျန်းပြီး ပဲခူးမြို့ လမ်းလျှောက် သင်္ကြန်ပွဲတော် အတက်နေ့အား ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ပါဝင်ဆင်နွှဲကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအား နေ့စဉ်နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထမင်းဟင်း စတုဒိသာကျွေးခြင်း၊ ညနေပိုင်းတွင် ဌာနဆိုင်ရာများမှ စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ပွဲလာပရိသတ်များအား ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ မြန်မာမုန့်မျိုးစုံနှင့် အအေးမျိုးစုံ စတုဒိသာကျွေးမွေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ယခုနှစ် ပဲခူးမြို့တွင် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြီးကြောင့် အပျော်အပါး၊ သီဆိုကခုန်မှုများမပါဘဲ သင်္ကြန်ပွဲတော် ကာလတစ်လျှောက်လုံး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခြင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့သနပ်ခါးအလှလိမ်းခြယ်ခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့်သာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အေးချမ်းသာယာသော (အေးသင်္ကြန်) အား ဆင်နွှဲခဲ့ကြကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ် မဟာသင်္ကြန်အတက်နေ့ ညော့်သည်ခေါ်ဘုရားပွဲတော်၌ စတုဒိသာကျွေးမွေး

**ချောင်းဆုံ ဧပြီ ၁၆**

မွန်ပြည်နယ် (ဘီလူးကျွန်း) ချောင်းဆုံမြို့နယ်၌ ညော့်သည်ခေါ်ဘုရားပွဲတော်များကို ရှေးနှစ်ပေါင်းများစွာကတည်းက နှစ်စဉ်ကျင်းပခဲ့ရာ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့တွင် ကရင်ဝင်းစိန်ကျေးရွာ တောင်ပေါ်ကြီးညော့်သည်ခေါ် ဘုရားပွဲတော်နှင့် စတုဒိသာကျွေးမွေးခြင်းများကို အစဉ်အလာမပျက် ယဉ်ကျေးမှုနှင့်အညီ ကျင်းပခဲ့ရာ အေးချမ်းစွာ သင်္ကြန်ရေကစားကြသူများဖြင့် စည်ကားခဲ့သည်။

အဆိုပါ ညော့်သည်ခေါ်ဘုရားပွဲတော်များကို မဟာသင်္ကြန်ကာလ၌ သင်္ကြန်အကြိုနေ့တွင် မုရစ်ကြီးကျေးရွာဘုရားပွဲ၊ သင်္ကြန်အကျနေ့တွင် နတ်မော်ကျေးရွာဘုရားပွဲ၊ သင်္ကြန်အကြတ်နေ့တွင် ရွှေမြင့်မိုရ်တောင်ဘုရားပွဲ၊ သင်္ကြန်အတက်နေ့တွင် ကရင်ဝင်းစိန်ကျေးရွာ (တောင်ပေါ်ကြီး) ဘုရားပွဲနှင့် နှစ်ဆန်းတစ်ရက်နေ့တွင်(သင်္ကျော၊ ဘိုးနက်)ကျေးရွာကျိုက်သုတ်ဘုရားပွဲတော်များကို အစဉ်အလာအတိုင်း ယဉ်ကျေးမှုနှင့်အညီ နှစ်စဉ်ကျင်းပခဲ့ရာ လူသိများထင်ရှားသည့်ပွဲတော်အဖြစ် နှစ်စဉ်လာရောက်လည်ပတ်ဆင်နွှဲသူများဖြင့် စည်ကားကြောင်း သိရသည်။

တောင်ပေါ်ကြီးညော့်သည်ခေါ်ဘုရားပွဲ လာရောက်သူများနှင့် သင်္ကြန်ရေကစားကြသူများအား ကရင်ဝင်းစိန်ကျေးရွာရှိ နေအိမ်အများစုတွင် ထမင်း၊ဟင်း၊မုန့် နှင့် အချိုရည်အအေးများ ညော့်ခံကျွေးမွေး



ခဲ့ကြပြီး တကူကနာကျေးရွာ မရမ်းကျောင်းဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာများတွင်လည်း စတုဒိသာမဏ္ဍပ်များဖြင့် ညော့်ခံကျွေးမွေးလျက်ရှိကြောင်း၊ မြို့နယ်အတွင်း ရေကစားကြသူများ၊ သနပ်ခါးလိမ်းခြယ်သူများနှင့် ရေပက်ခံထွက်ကြသူများဖြင့် အေးချမ်းစွာ အေးသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

# မော်ဘီမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အစဉ်အလာမပျက်ဆင်နွှဲ

**မော်ဘီ ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မြန်မာ့သက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်(အတက်နေ့) ဧပြီ ၁၆ ရက်နေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးပြည့်စုံကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးတို့က အောင်သပြေနှင့် အတာရေပက်ဖျန်းကာ မော်မြို့နယ်တွင် မြန်မာ့ရိုးရာ



ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက်ဆင်နွှဲလျက်ရှိသည်။

မော်ဘီမြို့နယ်အတွင်း ရေကစားမဏ္ဍပ်များနှင့် နေအိမ်များတွင် စေတနာအလှူရှင်များစုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက်ဆင်နွှဲလျက်ရှိရာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်တို့တွင် တရားဒေသနာတော်နာယူကြသူများနှင့် ဥပုသ်သီလဆောက်တည်ကြသူများဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်။

မော်ဘီမြန်မာ့ရိုးရာအတာသင်္ကြန် စတုဒိသာမဏ္ဍပ်၌ သင်္ကြန်အတက်နေ့နံနက်ပိုင်းတွင် ကြက်သားကြာဆံကြော်နှင့် မုန့်လုံးရေပေါ်၊ ညနေပိုင်းတွင် ငါးခြောက်ချက်နှင့်သင်္ကြန်ထမင်းဖြင့် ကျွေးမွေးကြောင်း၊ မော်ဘီမြို့နယ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို အေးချမ်းသာယာသောသင်္ကြန်အဖြစ် ဆင်နွှဲလျက်ရှိပြီး ရေကစားမဏ္ဍပ်များတွင် တေးသီချင်းသီဆိုကခုန်မှုများမပါဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေကစားကြကြောင်း သိရသည်။

ဝင်းဇော်(မော်ဘီ)



# ဒုံဝန်းကျေးရွာ၌ မဟာသင်္ကြန်ကာလ နှစ်ကူးအထူးတရားပွဲ ကျင်းပ

**သထုံ ဧပြီ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာ ညောင်ပင်သာကျောင်းတိုက်ရှိ အောင်ချမ်းသာဘုရားရင်ပြင်တော်ပေါ်တွင် မဟာသင်္ကြန်ကာလ နှစ်ကူးအထူးတရားပွဲကို ယမန်နေ့ ညမှစတင်ကာ ညောင်ပင်သာကျောင်းဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပခဲ့သည်။

ဒုံဝန်းကျေးရွာအတွင်း နှစ်ကူးကာလ၌ ဗုဒ္ဓဘာသာသာဝင်တို့၏ ဓလေ့ထုံးတမ်းနှင့်အညီ ကုသိုလ်တရားများဖြင့် ထုံမွမ်းပြီး မင်္ဂလာရှိစွာဖြင့် နှစ်သစ်ကိုစတင်သည့်အနေဖြင့် တရားသဘင်ကို စုပေါင်းကျင်းပရခြင်းဖြစ်ကြောင်း ညောင်ပင်သာကျောင်းတိုက် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မဟာသင်္ကြန်ကာလနှစ်ကူး အထူးတရားပွဲကို သင်္ကြန်အကျနေ့မှ အတက်နေ့အထိ ညစဉ်ကျင်းပခဲ့ပြီး အကျနေ့ညတွင် ဒုံဝန်းကျေးရွာ ရတနာဇေယျကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတ၊ အကြတ်နေ့ညတွင် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ အတက်နေ့ညတွင် ဒုံဝန်းကျေးရွာ ညောင်ပင်သာကျောင်းတိုက် အောင်ချမ်းသာဆရာတော် ဘဒ္ဒန္တစန္ဒာဝရ အရှင်သူမြတ်တို့က ဓမ္မဒေသနာတရားတော်များကို ဟောကြားချီးမြှင့်ပေးတော်မူခဲ့ကြရာ ဓမ္မမိတ်ဆွေများက စိတ်အေးချမ်းစွာဖြင့် တရားတော်များကို နာယူခဲ့ကြပြီး ဓမ္မပူဇာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ခရိုင်(ပြန်/ဆက်)



# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နှင့် တန်ခိုးကြီးဘုရားများ မဟာသင်္ကြန်ပွဲတော်ကာလ၌ ရတနသုတ်ရွတ်ဖတ်ပူဇော်

**ကျိုက်ထို ဧပြီ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နှင့် တန်ခိုးကြီးဘုရားများတွင် မဟာသင်္ကြန်ပွဲတော်ကာလ၌ ရတနသုတ် ရွတ်ဖတ်ပူဇော်ကြခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလတွင် ကျိုက်ထိုမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များရှိ တန်ခိုးကြီးဘုရားများတွင် ရတနသုတ်ရွတ်ဖတ်ပူဇော်ကြခြင်းအပြင် ရိုးရာအစားအစာများဖြစ်သည့်မုန့်လုံးရေပေါ်၊ သင်္ကြန်ထမင်း၊ ရွှေရင်အေး စသည်တို့ကို အစုအဖွဲ့အလိုက် ပြုလုပ်ကျွေးမွေးလှူဒါန်းကြပြီး ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၆

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အသင်္ခယာရိပ်သာ ရှင်းလင်းဆောင်တွင် စစ်ကိုင်းမြို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်မှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားဖြန့်ခွဲပေးနိုင်မှုအခြေအနေများကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်၊ တကောင်းရပ်ကွက်နှင့် ပတ္တမြားရပ်ကွက်တို့ရှိ မြို့ရေပေးဝေရေးစက်ရုံများနှင့် မြစ်ရေတင်စက်တို့အား လည်းကောင်း၊ မင်းလမ်းရပ်ကွက်၊ ဇေယျာရပ်ကွက်၊ ပတ္တမြားရပ်ကွက်တို့ရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့ ရေပေးရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်သေတ္တာကြီး ကြံ့ခိုင်တည်မြဲစေရေးအတွက် ဆောင်ရွက်သင့်သည့် နည်းပညာအစီအမံများ၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ညှိနှိုင်းဆွေးနွေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ် အဝင်ပေါက်ဝအနားရှိ ပြိုကျပျက်စီးနေသော အန္တရာယ်ရှိ သုံးထပ်တိုက်အဆောက်အအုံအား ဖြိုချရှင်းလင်းဆောင်ရွက်မည့် အစီအမံများ လုပ်ဆောင်နေမှုအပေါ် သွားရောက်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ အခြေအနေကို ဒရုန်းဖြင့် ပတ်ပတ်လည် ရိုက်ကူးကြည့်ရှု၍ အသေးစိတ် အခြေအနေများအား မှတ်တမ်းတင်ခဲ့ပြီး ကျောက်သေတ္တာကြီး ကြံ့ခိုင်တည်မြဲစေရေးအတွက် ဆောင်ရွက်သင့်သည့် နည်းပညာအစီအမံများ၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ ဘုရားဖူးလာရောက်သည့် ဘုရားဖူးပြည်သူများအား ကင်မွန်းချောင်းကျေးရွာအနီး ကဒက်ချောင်း၌ PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ဖမ်းဆီး

**နေပြည်တော် မေ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ ဘုရားဖူးရန် လာရောက်သည့် ပြည်သူများအား ကင်မွန်းချောင်းကျေးရွာ ကဒက်ချောင်းရှိ ဝါဆိုမိုးစားသောက်ဆိုင်၌ ထမင်းစားနေစဉ် PDFအမည်ခံအကြမ်းဖက်သမားများက မေ ၁၅ ရက် မွန်းလွဲ ၂နာရီခန့်တွင် အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ ဘုရားဖူးလာရောက်သည့် ဒေသခံပြည်သူ အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၄၈ ဦးတို့သည် ကင်မွန်းချောင်းကျေးရွာ ကဒက်ချောင်းရှိ ဝါဆိုမိုးစားသောက်ဆိုင်၌ ထမင်းစားနေစဉ် PDFအမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်ကိုယ်စီဖြင့် ခြေလျင်ရောက်ရှိလာပြီး ဘုရားဖူးလာသည့် ခရီးသည်များအား Light Truck နှစ်စီးပေါ်သို့ အတင်းအဓမ္မတင်ဆောင်၍ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါ ခရီးသည် ၄၈ ဦးအနက် ၄၃ ဦးတို့အား မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဝင်းကံကျေးရွာမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး အမျိုးသား ငါးဦးတို့အား သီးခြားခွဲထုတ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

CRPH ၊ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထုအပေါ် အကြောင်းမဲ့ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများအား မကြာခဏပြုလုပ်လျက်ရှိပြီး ပြည်သူလူထု၏ ဘာသာရေးဓလေ့ထုံးတမ်းများ ပြုလုပ်နေမှုကို နှောင့်ယှက်ခြင်း၊ အများပြည်သူအနေဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန် ကျင်းပနေမှုများ၊ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှု ပြုလုပ်နေကြသည်များကို မလိုလား၍ ယခုကဲ့သို့ ဘုရားဖူးလာရောက်သည့်ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပြည်သူများအား အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်သို့ ဘုရားဖူးလာရောက်သည့် ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်နေရာပြမြေပုံ။






## ONE Friday Fights 104 ပြိုင်ပွဲတွင် ဆွန်ရက် အမှတ်ဖြင့်ရှုံးနိမ့်

**ရန်ကုန် မေ ၁၆**

ONE Friday Fights 104 ပြိုင်ပွဲကို မေ ၁၁ ရက်က ထိုင်းနိုင်ငံ၌ကျင်းပရာ မြန်မာဖိုက်တာ ဆွန်ရက် အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာဖိုက်တာ ဆွန်ရက်သည် ထိုင်းဖိုက်တာ ခွန်ပွန်န္တိုင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ငါးပွဲဆက်အနိုင်ရထားသည့် ဆွန်ရက်သည် ခွန်ပွန်န္တိုင်ကို အပြန်အလှန်ထိုးသတ်နိုင်သော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အငြင်းပွားဖွယ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဆွန်ရက်အနေဖြင့် ပြိုင်ဘက်ကစားသမားကို အထိနာစေမည့် ခြေကန်ချက်များ၊ လက်သီးချက်များ ထိုးသတ်နိုင်သော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဒိုင်လူကြီးသုံးဦးအနက် နှစ်ဦးက ခွန်ပွန်န္တိုင်ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ဆွန်ရက်သည် ONE နှင့် ၁၁ ပွဲထိုးသတ်ရာတွင် ခြောက်ပွဲနိုင် ငါးပွဲရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ–ONE Championship**

# ကပ်ရောဂါဆိုင်ရာ သဘောတူညီချက်မူကြမ်းကို မေလ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှစ်ပတ်လည်အစည်းအဝေး၌ အတည်ပြုဖွယ်ရှိ

**ဂျီနီဗာ ဧပြီ ၁၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) အဖွဲ့ဝင်နိုင်ငံများသည် ကပ်ရောဂါဆိုင်ရာ သဘောတူညီချက်မူကြမ်းနှင့်ပတ်သက်ပြီး ဧပြီ ၁၆ ရက်တွင် သဘောတူညီမှုရရှိခဲ့ကြကြောင်း သိရသည်။

အဖွဲ့ဝင်နိုင်ငံများသည် ဧပြီ ၇ ရက်မှစတင်ကာ ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်တွင် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြသည်။ ၎င်းတို့သည် မကြာသေးမီက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားမှုမှရရှိခဲ့သည့် သင်ခန်းစာများအပေါ် အခြေခံ၍ နောင်တွင်ဖြစ်ပေါ်လာနိုင်သော ကူးစက်ရောဂါများအတွက် ကမ္ဘာလုံးဆိုင်ရာ ခုခံကာကွယ်မှုများ ပိုမိုအားကောင်းစေရန် ရည်ရွယ်သည့် နိုင်ငံတကာသဘောတူစာချုပ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ကပ်ရောဂါဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ရေးကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ကပ်ရောဂါနှင့်ဆက်နွှယ်သော ကျန်းမာရေးဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ခြင်းအတွက် နိုင်ငံများအကြား နည်းပညာနှင့် အသိပညာများ လွှဲပြောင်းခြင်း အားကောင်းစေရေးနှင့်ပတ်သက်ပြီး သဘောတူညီချက်တွင် တောင်းဆိုထားသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကပ်ရောဂါဖြစ်ပွားနိုင်ခြေရှိသော ရောဂါပိုးမွှားများဆိုင်ရာ အချက်အလက်များကို မျှဝေရန် နိုင်ငံပေါင်းစုံပါဝင်သည့် စနစ်သစ်တစ်ခုကို ထူထောင်လိုကြောင်းလည်း သိရသည်။




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂေဘရီယက်ဆုစ်က အနာဂတ်ကာလ ကူးစက်ရောဂါအန္တရာယ်များကို တုံ့ပြန်ရန် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ချက်များ ပိုမိုအားကောင်းလာစေမည့် အရေးပါသည့် တိုးတက်မှုတစ်ရပ်ဟုဆိုကာ သဘောတူညီချက်မူကြမ်းကို ထောက်ခံခဲ့သည်။ သဘောတူညီချက်မူကြမ်းကို မေလတွင် ပြုလုပ်မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် တရားဝင်အတည်ပြုသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နှင့်ကုန်သွယ်ရေးဆွေးနွေးပွဲသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တက်ရောက်မည်

**ဝါရှင်တန် ဧပြီ ၁၆**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမည့် ဂျပန်နှင့်ကုန်သွယ်ရေး ဆွေးနွေးပွဲသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ရှင်သန်ရေးဝန်ကြီး အာကာဇာဝရိုင်ရိုဆေးကလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မှုဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို တက်ရောက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် လာမည့်ရက်အတွင်း အခွန်စည်းကြပ်မှုများ၊ စစ်ဘက်ဆိုင်ရာ ထောက်ပံ့မှုကုန်ကျစရိတ်များနှင့် ကုန်သွယ်ရေး သဘောတူညီမှုဖြစ်စဉ်များကို ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း သမ္မတထရမ့်က လူမှုမီဒီယာပေါ်တွင် ဧပြီ ၁၆ ရက်က ပြောကြားခဲ့သည်။ ထို့အတူ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့တ်ဘီဆန့် နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် ဂျမေးဆန် ဂရီယာတို့နှင့်အတူ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ဂျပန်ကုမ္ပဏီများ၏ အကျိုးအမြတ်များသည် နေ့စဉ်နေ့တိုင်း ဖြည်းညင်းစွာ ကျဆင်းလာကြောင်းနှင့် အကျိုးရလဒ်ကောင်းများ ရရှိရန် ဂျပန်အစိုးရအနေဖြင့် အကောင်းဆုံး ကြိုးစားလျက်ရှိကြောင်း အာကာဇာဝက ဧပြီ ၁၅ ရက်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးတွင် ဂျပန်နိုင်ငံ မည်သို့ပါဝင်ပတ်သက်မှုများ ရှိမည်လဲဆိုသည့် အချက်နှင့်ပတ်သက်ပြီး အမေရိကန်အရာရှိများကို အကောင်းဆုံး ရှင်းပြသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်သည် ဂျပန်နိုင်ငံ၏ ဈေးကွက်များကို ဝင်ရောက်စွက်ဖက်မည်ကို ဂျပန်အစိုးရအဖွဲ့ဝင်တစ်ချို့နှင့် အာဏာရပါတီများက စိုးရိမ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ ပြင်းအား ၅ ဒသမ ၆ ရှိ ငလျင်လှုပ်ခတ်

**ကဘူးလ် ဧပြီ ၁၆**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရစ္စတန်ပြည်နယ်၌ ပြင်းအား ၅ ဒသမ ၆ ရှိ ငလျင်တစ်ခု ဧပြီ ၁၆ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာ စစ်တမ်းကောက်ယူလေ့လာသည့် အဖွဲ့အစည်းက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါငလျင်မှာ အနက် ၉၉ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၃ မိနစ်တွင် နူရစ္စတန်ပြည်နယ်၏ မြို့တော် ပါရွန်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဘူမိဗေဒစစ်တမ်းအဖွဲ့အစည်း၏ ဖော်ပြချက်အရ သိရသည်။

နူရစ္စတန်ပြည်နယ်မှာ ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေကြောင်း၊ ဝေးလံခေါင်သီပြီး တောင်ကုန်းတောင်တန်းထူထပ်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း သိရသည်။ ထို့ပြင် အင်တာနက်နှင့် ဆက်သွယ်ရေး ကန့်သတ်မှုများရှိသည့်အတွက် ယခုငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို မသိရှိရသေးပေ။

**ဆင်ဟွာ**

# အမေရိကန်က ယီမင်နိုင်ငံတစ်ဝန်းရှိ ဟူသီစခန်းများကို လေကြောင်းမှ ပြင်းပြင်းထန်ထန်တိုက်ခိုက်

**အေဒင် ဧပြီ ၁၆**

ယီမင်နိုင်ငံရှိ ဟူသီစခန်းများကို ပစ်မှတ်ထားကာ ဧပြီ ၁၆ ရက်တွင် အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှုပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံ မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ဘက်ရှိ ပြည်နယ်အများအပြားတွင် ဟူသီစခန်း ၅၀ ကျော်ကို အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု ဟူသီတို့ ထိန်းချုပ်ထားသည့် မက်ဆီရာ့ရုပ်သံတွင် ဖော်ပြထားသည်။

အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးသူများနှင့် ပျက်စီးမှုများကို ဟူသီများဘက်မှ ထုတ်ပြန်ခဲ့ခြင်း မရှိချေ။ အစ္စရေး၊ အမေရိကန်တို့နှင့် ဆက်စပ်မှုရှိသည့် သင်္ဘောများကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ဟူသီအုပ်စုက ပြောသည်။

အေဒင်မြို့အရှေ့ဘက် ရေမိုင် ၁၀၀ ခန့်အကွာရှိ သင်္ဘောတစ်စင်းကို လက်နက်ကိုင်အဖွဲ့ငယ်များသည် ရေယာဉ်ငယ်များဖြင့် နောက်ကလိုက်ကာ နှစ်နာရီခန့်ကြာအောင် ပစ်ခတ်ခဲ့ကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုက ဧပြီ ၁၅ ရက် ညပိုင်းတွင်သတင်းထုတ်ပြန်သည်။ ယီမင်ကမ်းရိုးတန်းသို့ လမ်းကြောင်းပြောင်းပြီးနောက် ရေယာဉ်ငယ်များသည် အဆိုပါသင်္ဘောမှ ထွက်ခွာသွားခဲ့ကြသည်။ သင်္ဘောသားများအားလုံး ဘေးကင်းကာ လုံခြုံမှုရှိကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုအဖွဲ့က ပြောသည်။



အဆိုပါ သင်္ဘောသည် အခြားဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလျက်ရှိသည်။ အဆိုပါအဖြစ်အပျက်သည် လပေါင်းများစွာအတွင်း ဗြိတိန်ရေကြောင်းကုန်သယ်မှုအဖွဲ့က ထုတ်ပြန်သည့် ပထမဆုံးအဖြစ်အပျက်လည်း ဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၅၆၁ ဦးရှိ

**ဟူစတန် ဧပြီ ၁၆**

အမေရိကန်ပြည်ထောင်စု၏ ဒုတိယအကြီးဆုံးပြည်နယ်ဖြစ်သည့် တက္ကဆက်ပြည်နယ်၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၅၆၁ ဦးရှိပြီး တစ်နိုင်ငံလုံးအနှံ့ ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်း များပြားလျက်ရှိကြောင်း တက္ကဆက်ပြည်နယ်ကျန်းမာရေးဌာန၏ ဧပြီ ၁၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့် ငါးရက်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူ ၂၀ ထပ်တိုးခဲ့ပြီး ယခုအချိန်ထိ ဝက်သက်ရောဂါကြောင့် ဆေးရုံတက်ရသူ ၅၈ ဦးရှိကြောင်း တက္ကဆက်ပြည်နယ်ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဝက်သက်ရောဂါ၏ ကူးစက်တတ်သော သဘာဝကြောင့် ရောဂါဖြစ်ပွားမှုများသည့်ဒေသနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းများတွင် ကူးစက်နိုင်ခြေရှိသည်ဟု တက္ကဆက်ပြည်နယ်ကျန်းမာရေးဌာနက ပြောသည်။

ယခုနှစ်အတွင်း ပြည်နယ် ၂၄ ခု၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၇၁၂ ဦးရှိပြီး ၉၇ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးမထိုးရသေးသူများဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဧပြီ ၁၁ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

တက္ကဆက်ပြည်နယ် ပြည်သူ့ကျန်းမာရေးတာဝန်ရှိသူများက ရောဂါဖြစ်ပွားမှုသည် တစ်နှစ်ပတ်လုံးကြာရှည်နိုင်ကြောင်း သတိပေးထားပြီး ကာကွယ်ဆေးထိုးနှံမှုနည်းပါးသည့် အသိုင်းအဝိုင်းများတွင် ရောဂါဖြစ်ပွားမှု အများဆုံးခံစားရကြောင်း သတိပေးထားသည်။ အကယ်၍ ရောဂါဆက်လက်ဖြစ်ပွားနေပါက ၂၀၀၀ ပြည့်နှစ်တွင် ကြေညာခဲ့သည့် ဝက်သက်ရောဂါ ကင်းစင်ကြောင်းကြေညာထားမှုအဆင့်ကို ဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

**ဆင်ဟွာ**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းတို့၌ ကျင်းပပြုလုပ်

နေပြည်တော် ဧပြီ ၁၆

**မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်အခါသမယတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသည့် နှစ်သစ်ကူးအတာသင်္ကြန်အဖြစ်ကျင်းပ၍ နှစ်သစ်အတာကူးကြသည်။**

ယနေ့တွင် ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန် အတက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန်အတက်နေ့ကို မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အတာသင်္ကြန်မဏ္ဍပ်များ၌ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများတက်ရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ သပြေခက်များဖြင့် အတာသင်္ကြန်ရေကို ပက်ဖျန်းပေးပြီး မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ပါဝင်ဆင်နွှဲကြသည်။

ထိုသို့ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန် ကျင်းပချိန်တွင် ပါဝင်ဆင်နွှဲကြသူများကို မြန်မာ့ရိုးရာအတာသင်္ကြန် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သနပ်ခါးသင်္ကြန်ဆင်နွှဲခြင်း၊ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ သက်ကြီးဘိုးဘွားများအား ကုသိုလ်ပြုပူဇော်ကန်တော့ကြခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားရွတ်ဖတ်ခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း စသည်တို့ကို ပြုလုပ်၍ နှစ်ဦးကုသိုလ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက မင်္ဂလာဂူ ဝိပဿနာရိပ်သာ စာသင်တိုက်ရှိ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများ မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ သပြေခက်များဖြင့် အတာသင်္ကြန်ရေကို ပက်ဖျန်းပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် မိသားစုဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူကြစဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများ မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ သပြေခက်များဖြင့် အတာသင်္ကြန်ရေကို ပက်ဖျန်းပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ နှစ်သစ်ကူးမြန်မာ့ရိုးရာ မဟာသင်္ကြန် အတက်နေ့၌ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့်အဖွဲ့ဝင်များက ရေလောင်းနေစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာအတာသင်္ကြန်တွင် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးနေစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အရာရှိ၊ စစ်သည်၊ မိသားစုများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ဆင်နွှဲစဉ်။

# ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ပျဉ်းမနားမြို့နယ် ညောင်ပင်သာအခြေခံပညာအထက်တန်းကျောင်းနှင့် မဟာဝိသုတာရာမဈေးကုန်းပရိယတ္တိစာသင်တိုက်တို့သို့ ခေတ်မီရေသန့်စင်စက်နှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း



**နေပြည်တော် မေ ၁၆**

ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးရန်အတွက် ရောက်ရှိနေသည့် ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ခေတ်မီ အလိုအလျောက်ရေသန့်စင်စက်နှင့် ရေလီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတို့ကို တပ်ဆင်လှူဒါန်းခဲ့ပြီး အဖွဲ့ခေါင်းဆောင် Dasho Tashi Wangyal က ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအား လှူဒါန်းရခြင်းအကြောင်းရင်း၊ နေပြည်တော်တွင် ငလျင်ဘေးဒဏ်သင့်လူနာ ၃၀၀၀ ကျော်ကို ဆေးဝါးကုသပေးနိုင်ခဲ့မှုနှင့် သန့်ရှင်းသောသောက်သုံးရေ လိုအပ်လျက်ရှိသည့်နေရာများတွင် ခေတ်မီရေသန့်စင်စက်လေးလုံး တပ်ဆင်လှူဒါန်းပေးမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘူတန်ဆေးအဖွဲ့သည် ငလျင်ဘေးဒဏ်ကြောင့် ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ရသည့် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်း ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသထံ အမေရိကန်ဒေါ်လာ ၁၃၀၀၀ ကျော်တန်ဖိုးရှိ ဆွမ်းဆန်တော် ၁၀ အိတ်၊ စားသုံးဆီနှင့် စားသောက်ဖွယ်ရာများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို လှူဒါန်းသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ်အတွင်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေကြသူများထံ သွားရောက်၍ စောင်၊ ခြင်ထောင်များ၊ အရေးပေါ်ကာကွယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် Air Mandalay Holding Co.,Ltd. မှ စေတနာ့ဝန်ထမ်းများ၏ ပါဝင်ကူညီမှုဖြင့် ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ (ပေါင်းလောင်း) ၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား မေ ၃ ရက်မှ ယနေ့အထိ အကြီးစားနှင့် အသေးစား ခွဲစိတ်ကုသမှုများအပါအဝင် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆေးဝါးကုသပေးရာ၌ နေ့စဉ်အတွင်းလူနာ ၈၀ ကျော်နှင့် ယနေ့အထိ ပြင်ပလူနာပေါင်း ၃၈၅၀ တို့ကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အကြီးစားနှင့် အသေးစားခွဲစိတ်ကုသမှုပေါင်း ၇၉ ခုကိုလည်း အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ ပျဉ်းမနားမြို့ရှိ ခေမာသီဝံကျောင်းတိုက်နှင့် မစိုးရိမ်ကျောင်းတိုက်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဗုဒ္ဓရတနာပရဟိတ ပညာဒါနကျောင်းတိုက်နှင့် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စသည့်သန့်ရှင်းသောသောက်သုံးရေ လိုအပ်လျက်ရှိသော နေရာများတွင် ငွေကျပ်သိန်း ၄၅၀ ခန့်တန်ဖိုးရှိ လျှပ်စစ်ဓာတ်အားမလိုအပ်ဘဲ တစ်နေ့လျှင် ရေလီတာ ၁၀၀၀၀ သန့်စင်ပေးနိုင်သည့် ခေတ်မီအလိုအလျောက်ရေသန့်စင်စက် တစ်လုံးစီ၊ လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံးစီ၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းသည်။

ဘူတန်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် စခန်းပိတ်သိမ်းခဲ့ပြီး မေ ၁၇ ရက်တွင် ဘူတန်ဘုရင့်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

**သတင်းစဉ်**






## PENANE INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် ရွှေ ငါးခု၊ ငွေ လေးခုနှင့် ကြေး သုံးခု ဆွတ်ခူးရရှိခဲ့သော မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားအဖွဲ့အား ကြိုဆို

**ရန်ကုန် မေ ၁၆**

မလေးရှားနိုင်ငံ ပီနန်းမြို့၌ မေ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် PENANG INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် ရွှေ ငါးခု၊ ငွေ လေးခု၊ ကြေး သုံးခု ရရှိခဲ့သော မြန်မာဂျူဒို အားကစားသမားများသည် မေ ၁၄ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




လာရာ အဆိုပါအောင်ပွဲရ မြန်မာ့ဂျူဒိုအားကစား အဖွဲ့အား၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများ ကြိုဆိုခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် – 36kg မအိချစ်ဆုစံ၊ –70kg မယွန်းဝတီစိုး၊ –55kg ထိုက်ထိုက်ကျော်၊ –57kg မပိုးအိအိလွင်၊ +78kg မနန်းသဲနုနုစံတို့က ရွှေတစ်ခုစီ၊ –24kg သျှန်ကောင်းဆက်ပိုင်၊ –28kg ကောင်းကင်မင်းစစ်၊ –32kg အောင်ဇေထက်၊ –70kg မဖြိုးရွှေဇင်ကျော်တို့က ငွေတစ်ခုစီ၊ –32kg မခေတ်စံနန်းထွဋ်၊–38kg မြတ်ဘုန်းခန့်၊ –81kg သန့်ဇင်ဝင်းအောင်တို့က ကြေးတစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြသည်။ ပြိုင်ပွဲတွင် မလေးရှား၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဩစတြေးလျ စသည့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ အသင်းပေါင်း ၃၁ သင်း အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

## ရေကြည်မြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ရေဆော့ကစားခြင်းနှင့် စတုဒိသာမုန့်များဖြင့် ကျွေးမွေးလှူဒါန်း

**ရေကြည် မေ ၁၆**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နေဝင်းရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ၁၃၈၆ ခုနှစ်၊ မဟာသင်္ကြန်အတက်နေ့အား ရိုးရာအစဉ်အလာမပျက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် သင်္ကြန်ကာလအတွင်း နေ့စဉ်နံနက် ၉ နာရီမှစ၍ ကျင်းပပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများဖြင့် ရေဖလားတွင် သပြေခက်ထည့်ကာ အေးချမ်းစွာရေဆော့ကစားခြင်းနှင့် စတုဒိသာမုန့်များ ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























# အကြမ်းဖက်သမားများက မုံရွာမြို့ဘက်သို့ ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် ရှေ့တိုက်ဒုံး တစ်လုံးအား သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**

PDF အမည်ခံ အကြမ်းဖက်သမားများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေသည်ကို မနာလိုမရှုဆိတ် ဖြစ်ခြင်းနှင့် ပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြား၍ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ လူနေ မြို့၊ ရွာ၊ ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးပစ်ခတ်ရန် တပ်ဆင်ထားမှုများကို လုပ်ဆောင်လျက်ရှိသည်။


သိမ်းဆည်းရမိခဲ့သည့် ရှေ့တိုက်ဒုံးအားတွေ့ရစဉ်။

ထို့သို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် ချင်းတွင်းမြစ်ဇက်ဆိပ်အနီး ရှေ့တိုက်ဒုံး တစ်လုံးတွေ့ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် သွားရောက်ရှင်းလင်းရာ အဆိုပါ ဇက်ဆိပ်အနီး၌ မုံရွာမြို့ဘက်သို့ ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် ၁၀၇ မမ ရှေ့တိုက်ဒုံး တစ်လုံးအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် မြန်မာ့ရိုးရာနှစ်သစ်အတာသင်္ကြန် ပွဲတော်အား ပြည်သူများ အေးချမ်းစွာ ဆင်နွှဲနေမှုကို ယခုကဲ့သို့ အကြောင်းမဲ့ ရှေ့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ရန်ဆောင်ရွက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရှိသည်။

**သတင်းစဉ်**

PDF အမည်ခံ အကြမ်းဖက်သမားများ ရှေ့တိုက်ဒုံးပစ်ခတ်ရန် ချိန်ရွယ်ထားသည့် ဖြစ်စဉ်နေရာပြပုံ




# အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၆**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၂၀ ရက်နေ့အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**










ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်နိုင်ထွန်း ဦးဆောင်၍ သန္ဓေ/အရန်မီးသတ် တပ်ဖွဲ့ဝင်များက ဒါးကတိုက်နယ်ဆေးရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများကို မေ ၁၅ ရက်တွင် ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)



# ရတနာစံကျောင်းတော် ပြုပြင်မှုလုပ်ငန်းများ ကျွမ်းကျင်ပညာရှင်များ အချိန်မီပြီးစီးရေးဆောင်ရွက်

**ညောင်ရွှေ မေ ၁၆**

မန္တလေးမြေလျင်ကြီး လှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားဖူးဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဘုရားဂေါပကအဖွဲ့က တက်ရောက် ဖူးမြော်ကြည်ညိုခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။ ယခုအခါ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဘုရားပွဲတော် ကာလအမီပြီးစီးနိုင်ရေး ကျွမ်းကျင်ပညာရှင်နှင့် လုပ်သားများဖြင့် အရှိန်အဟုန်မြှင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်းနှင့် အလှူရှင်များက အလှူငွေများထည့်ဝင် လှူဒါန်းကုသိုလ်ပါဝင်ကြရာ ယနေ့အထိစုစုပေါင်း ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀၈၂၅၀၀၀၀ ရရှိသည်။ **စိုင်းအယ်ဘဲ**

## ညောင်ရွှေမြို့နယ်ရှိ လျှင်ဒဏ်သင့်ကျေးရွာ ၁၈ ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ညောင်ရွှေ မေ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း မန္တလေးမြေငလျင်ကြီးလှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေသန့်စင်စက်အသစ်တပ်ဆင်ခြင်း/ ပြုပြင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေတိုင်ကီ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၁၁ ရက်က ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ကလောခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက သဘာဝဘေးအန္တရာယ် မန္တလေးမြေငလျင်ကြီးလှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကျေးရွာ ၁၈ ရွာတွင် စက်ရေတွင်း လေးတွင်းတူးဖော်ခြင်း၊ ရေသန့်စင်စက်အသစ် နှစ်စုံတပ်ဆင်ခြင်းနှင့် အဟောင်း သုံးစုံပြုပြင်ခြင်း၊ ရေပိုက်အလုံး ၁၁၉၀ အရှည်ပေ ၁၃၁၂၀ သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေတိုင်ကီ ၁၄ လုံး ထောက်ပံ့ခြင်း လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် ပြည်နယ်ဦးစီးမှူးက ကျေးရွာများရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ငလျင်လှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ နည်းလမ်းများကို ဆွေးနွေးညှိနှိုင်း မှာကြားသည်။

**မောင်ခိုင်**

## ဘားအံခရိုင်၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ဘားအံ မေ ၁၆**

ပြည်နယ် ဘားအံခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားသည်။ ခရိုင် စီမံကိန်းဦးစီးမှူး ဒေါ်နန်းလေဒိသန်းက ဘားအံခရိုင်၏ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်းရည်မှန်းချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတာဝန်များပေးအပ်ခဲ့ရာ ခရိုင်ကျေးလက်လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လှိုင်းဘွဲမြို့နယ် အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူကြသည်။

**ခရိုင် (ပြန်/ဆက်)**



## လေးမျက်နှာမြို့၌ ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲပြုလုပ်

**လေးမျက်နှာ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကို မေ ၁၀ ရက်တွင် ပေါက်ကုန်းကျေးရွာ ကွင်းအမှတ်(၁၁၈၀) တောင်သူဦးကြည်မြင့်၏ လယ်မြေ ခုနစ်ကေ၌ ပြုလုပ်သည်။



ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်မိုးထွန်းက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးအထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော် မြေခံစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်စေရေး၊ မိုးစပါးကြဲခင်းများ ပပျောက်စေရေးနှင့် အစေ့ချကိရိယာများဖြင့် စိုက်ပျိုးနိုင်ရေးကိစ္စများ ဆွေးနွေးပြောကြား၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်မောင်၊ ခရိုင်စီမံကိန်းဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့ပြီး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အောင်ဆန်းဆရာတော်ကြီး ဦးဆောင်ဖွင့်လှစ်သည့် နှစ်သစ်ကူးတရားစခန်းသို့ ယောဂီတစ်ထောင်ကျော်ကုသိုလ်ပြုပါဝင်



**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း၌ အောင်ဆန်းဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် အကြိမ်(၂၀၀)မြောက် နှစ်သစ်ကူး မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ယောဂီ ၁၃၀၀ ကျော်ဖြင့် အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ တရားစခန်းပွဲကို အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာမင်္ဂလဇောတိကဓဇ၊ ဝိဇ္ဇာကာသီ သီရိကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ)၊ Ph.D(Social Science)၊ Ph.D (Vipassana Bhavana) Thailand၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး(ရန်ကုန်)၏ မဟာနာယက၊အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၇၇)၏ ပဓာနနာယက၊ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဩဝါဒါစရိယ၊ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က မေ ၁၂ ရက်မှ ၂၁ ရက်အထိ ဝိပဿနာများကို သင်ကြားပြသပေးမည်ဖြစ်သည်။

တရားစခန်း ဖွင့်လှစ်လျက်ရှိသည့်ကာလအတွင်း ဆွမ်းအလှူလှူပ်စစ်မီး၊ စက်သုံးဆီအလှူနှင့် သောက်ရေသန့်အလှူရှင်များက ကုသိုလ်တော်ပါဝင်လှူဒါန်းလျက်ရှိကြောင်းနှင့်ဆရာတော်ကြီးသည် သာသနာတော် ပြန့်ပွားစေရန်အတွက် ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းများ၊ နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးငယ်များအား ရှင်သာမဏေဝတ်ပေးခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်ပေးခြင်း တို့ကို နှစ်စဉ်ဆောင်ရွက် ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပ၍ စတုဒိသာများဖြင့် ညှော့ခံကျွေးမွေး

**မော်လမြိုင် မေ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသောအေးသင်္ကြန်အဖြစ် ကျင်းပလျက်ရှိရာ မေ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့) နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း၌ ကျင်းပသည်။



မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင် ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်အတူ အေးချမ်းစွာလာရောက် ရေကစားခဲ့ကြသည်။ မော်လမြိုင်မြို့ကမ်းနားလမ်း၌ ကျင်းပလျက်ရှိရာ မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ်ကာလအတွင်း ပြည်သူများအနေဖြင့် အေးချမ်းစွာ လာရောက်ရေကစားနိုင်ပြီး ပါဝင်ဆင်နွှဲကြသူများအားလုံးကို စတုဒိသာများဖြင့် နေ့စဉ် ညှော့ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ မဟာသင်္ကြန်ပွဲတော် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့များနှင့်အညီ ရေကစားလျက်ရှိ

**ပန်းတနော် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ ဗိုလ်ချုပ်လမ်းတွင် ၁၃၈၆ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရိုးရာအစဉ်အလာမပျက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် မေ ၁၄ ရက်တွင်ပြုလုပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများဖြင့် ရေပက်ကစားလျက်ရှိသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက မြန်မာ့သနပ်ခါး လိမ်းကျံစေခြင်းများပြုလုပ်ခဲ့ကြပြီး ပြည်သူများအား စတုဒိသာ (မုန့်လက်ဆောင်း)များဖြင့် လှူဒါန်းကျွေးမွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မင်္ဂလာတောင်ညွန့်မြို့နယ်၌ သင်္ကြန်အကြတ်နေ့ ရေကစားခြင်းနှင့်စတုဒိသာကျွေးမွေးခြင်း ဆောင်ရွက်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ သင်္ကြန်အကြတ်နေ့တွင် ရေကစားခြင်းနှင့်စတုဒိသာ ကျွေးမွေးခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ယမန်နေ့ နံနက် ၉ နာရီက စတင်ကျင်းပသည်။



ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်များမှ ပြည်သူများ ပူးပေါင်း၍ မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာနှင့်အညီ ရေကစားခြင်း၊ သနပ်ခါးလိမ်းခြယ်ပေးခြင်း၊ စတုဒိသာညှော့ခံကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ရေပက်ဖျန်း၍ စတုဒိသာအာဟာရများ ကျွေးမွေးလှူဒါန်း

**ဖျာပုံ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မဟာသင်္ကြန်အကြိုနေ့မှစ၍ သင်္ကြန်ရေပက်ဖျန်းကစားခြင်း၊ စတုဒိသာအာဟာရကျွေးမွေးလှူဒါန်းခြင်း အပါအဝင် ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပလျက်ရှိကြောင်း သိရသည်။



### ကျွေးမွေးလှူဒါန်း

ထိုသို့ကျင်းပရာတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြပြီး လမ်းလျှောက်သင်္ကြန်မဏ္ဍပ်ဖွင့်လှစ်ပေး၍ စတုဒိသာမဏ္ဍပ်၌ စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ထို့နောက် ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ဖျန်းကြပြီး ဥပုသ်သီလဆောက်တည်ခြင်း၊ ဘုရားစေတီများတွင် သန့်ရှင်းရေးကုသိုလ်ပြုခြင်း၊ အလှူမင်္ဂလာပွဲများကျင်းပခြင်း၊ တရားရိပ်သာဝင်ရောက်ခြင်း၊ နှစ်ဦးဆွမ်းကပ်လှူခြင်း အပါအဝင် သင်္ကြန်ဆိုင်ရာ ကာလဒါနအစီအစဉ်များအား ၁၃၈၇ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ၂၁၆

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## လေးမျက်နှာမြို့နယ် ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**လေးမျက်နှာ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံ စေတီတော်အနီး ဝေန်မြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းကို မေ ၁၁ ရက်က ပြုလုပ်သည်။

မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် ဇီဝိတဒါနငါးလွှတ်ခြင်း၊ ငါးမျိုးမပြုန်းတီးရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဝေန်မြစ်အတွင်းရှိ ရေလုပ်သားများအား ငါးဖမ်းရာတွင် ရှော့တိုက်ဖမ်းခြင်းများ မပြုလုပ်ရန်နှင့် စည်းကမ်းချက်များထုတ်ပြန်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး ဝေန်မြစ်အတွင်းသို့ ငါးမြစ်ချင်းအကောင်ရေတစ်သောင်းတစ်ထောင် စိုက်ထည့်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ အမျိုးသမီးရေးရာ



အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကာ စုပေါင်းငါးလွှတ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များကင်းရှင်းစေရန်ရည်ရွယ်၍ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က ကြို့ကုန်းအနောက်ရပ်ကွက် ငါးလုပ်ငန်းဦးစီးဝင်း ဆိပ်ကမ်းသစ်ဆိပ်လမ်း အမှတ်(၄)ရှိ မျိုးသီဟပြည့်စုံကုန်တင်ကုန်ချဆိပ်ကမ်း၌ ပြုလုပ်သည်။

ဇီဝိတဒါနငါးလွှတ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ငါးကြင်းရွှေဝါကောင်ရေ တစ်သောင်းကျော်ကို ဇီဝိတဒါနအဖြစ် မြစ်အတွင်းသို့လွှတ်ပေးခဲ့ကြကြောင်းသိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**




## ညောင်တုန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**ညောင်တုန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကို



မေ ၁၃ ရက်က ဆားမလောက်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် နည်းပညာပြန့်ပွားရေးစင်တာ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှုချောက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတိုးလာခြင်း၊ သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် ဆားမလောက်ကျေးရွာ ကွင်းအမှတ်(၃၈၂) ရှိ တောင်သူများ၏ လယ်မြေဧက ၅၀ တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ခြင်း ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံတောင်သူများထံသို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲပြုလုပ်



**ဇလွန် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော ၂၀၂၄ - ၂၀၂၅ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲအခမ်းအနားကို မေ ၁၁ ရက်က ဖက်သောင်ကျေးရွာအုပ်စု တောင်သူဒေါ်တင်လှိုင်၏ လယ်မြေ ၁၄ ဧက၌ ပြုလုပ်သည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာ ထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အုတ်ဖိုမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်




**အုတ်ဖို မေ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဇီဝိတဒါန ငါးလွှတ်ပွဲကို မေ ၁၂ ရက်က ဂုံညင်းတန်း ကျေးရွာထိပ်ရှိ မင်းလှ ရေလှောင်တမံ လက်ယာတူးမြောင်းခွဲတွင် ကျင်းပသည်။

အဆိုပါဇီဝိတဒါန ငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ၊ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး စုစုပေါင်း ငါးကောင်ရေ ၁၁၀၀၀ ကို ဇီဝိတဒါနအဖြစ် ရေကန်အတွင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## မြိတ်မြို့၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**မြိတ် မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်းရှိ သစ်ယာဝရေဆင်းတံတား၌ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို မေ ၁၁ ရက်က ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ကင်းပုစွန် အကောင် ၂၀၀၊ ကဏန်းအကောင် ၂၀၀ နှင့် ရေငန်ငါးအကောင် ၁၅၀၀ ကို ဇီဝိတဒါနအဖြစ် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြိတ်မြို့ ကမ်းနားသဘာဝရေပြင်အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**





## ဒေါပုံမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့တွင် ဇီဝိတဒါန ငှက်လွှတ်ပွဲ ကျင်းပ

**ဒေါပုံ မေ ၁၆**

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ပြည်သူများဘေးအန္တရာယ် ကင်းရှင်းစေရန်ရည်ရွယ်၍ ဇီဝိတဒါန ငှက်လွှတ်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့်အဖွဲ့ဝင်များက ဇီဝိတဒါနအဖြစ် ငှက်များလွှတ်ခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်များလွှတ်ခဲ့ကြသည်။ ထို့နောက် ငှက်လွှတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မြို့နယ်အတွင်းရှိ ပြည်သူများအား မုန့်လက်ဆောင်းစတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ချစ်စုဝေ (ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကရင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
## ဘားအံမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်၊ မြို့နယ် (၄)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော လမ်းတံတား၊ ရေရရှိရေးနှင့် အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၅ ရက် ( အင်္ဂါနေ့) (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၁၃-၅-၂၀၂၅ ရက် (အင်္ဂါနေ့) ညနေ (၁၆:၃၀) နာရီ
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၆-၅-၂၀၂၅ ရက် (သောကြာနေ့) ညနေ (၁၆:၃၀) နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဘားအံမြို့

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဘားအံမြို့ ဖုန်း-၀၉-၄၀၂၀၅၅၄၆၄၊ ၀၉-၇၈၇၃၃၂၀၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါဗဟိုကော်မတီ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
## မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီးမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းညောင်ပင်သာ ရေတင်စီမံကိန်းတွင် ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းအား အိတ်ဖွင့် တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** - (၂၃-၄-၂၀၂၅) ရက်မှ (၆-၅-၂၀၂၅) ရက်ထိ (ရုံးချိန်အတွင်း)
၂။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်တည်နေရာ** - ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့။
၃။ **တင်ဒါလျှောက်လွှာတင်သွင်း- ရမည့် နောက်ဆုံးရက်** (၁၃-၅-၂၀၂၅) ရက် ညနေ ၁၅:၀၀ နာရီ
၄။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၅။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၆၃-၂၀၂၃၁၈၇၊ ၀၉-၉၇၁၄၀၄၅၁၄ နှင့် ၀၉ -၂၅၉၁၆၃၄၉၁ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်း နိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၃ နှင့် ဆက်နွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

ဒေါ်ဖြိုးသဇင် နှင့် ဒေါ်အေးသီတာဦး
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

အမှတ်(၁၇)၊ ရွှေဝါ(၂)လမ်း၊ ကုက္ကိုလ်တန်းရပ်၊ မြို့မ(၂)ရပ်ကွက်၊ မုဒုံမြို့နယ်နေ တရားရှုံး ဒေါ်အေးသီတာဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၃ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဖြိုးသဇင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် (၁၃၈၇ ခုနှစ် ကဆုန်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးသီရိခိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## မြေနှင့်အဆောက်အအုံငှားရမ်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ အောက်ဖော်ပြပါ မြေနေရာနှင့် အဆောက်အအုံအား ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်နိုင်ရေး အတွက် ၂၀၂၅ခုနှစ်၊ မတ်လ (၂၁) ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် ၂၀၂၅ခုနှစ်၊ မတ်လ (၂၄) ရက်တွင် ကြေးမုံသတင်းစာတို့၌ Open Tender ခေါ်ယူခဲ့ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ စောမဟာလမ်း၊ အမှတ်(၁၅)ရှိ ကာဝပ်ဂျီဝန်ထမ်းအိမ်ရာအတွင်းမှ ဝန်ထမ်းအိမ်ရာများနှင့် လွတ်ကင်းသည့် သိုလှောင်ရုံ(၉)လုံးနှင့် ဆက်စပ်ဝန်းကျင်ရှိ စုစုပေါင်း မြေဧရိယာ (၁ ဒသမ ၆၆၃)ဧက

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံများစတင် ရောင်းချမည့်ရက်/နေရာ** - ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါး လုပ်ငန်း
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၄-၂၀၂၅ရက်(တနင်္လာနေ့) ညနေ (၁၆:၃၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ကြော်ငြာပေးပါမည်။
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ နေပြည်တော်။

၃။ အထက်ပါအတိုင်း တင်ဒါခေါ်ယူခဲ့ရာ တင်ဒါပိတ်မည့်ရက်(၇-၄-၂၀၂၅)ရက်နေ့ အစား(၂၅-၄-၂၀၂၅)ရက် ညနေ(၁၆:၀၀)နာရီအထိ ရက်တိုးမြှင့်သတ်မှတ်လိုက်သည်။
၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇၃-၄၀၈၁၈၇၊ ၀၉-၂၆၃၅၀၃၇၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကိုကောင်းမြတ်ဇော်(၉/ကပတ(နိုင်)၂၁၄၉၂၁)နှင့် မချယ်ရီဝင်းနိုင်(၁၂/ဥကတ (နိုင်)၁၆၅၂၈၂) တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၉-၃-၂၀၂၄) ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သော်လည်း ထို့နောက်ပိုင်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့်လည်း ကောင်း၊ နှစ်ဦးဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် လည်းကောင်း (၂၇-၁၂-၂၀၂၄) ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းလက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကိုကောင်းမြတ်ဇော်နှင့် မချယ်ရီဝင်းနိုင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျှဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မချယ်ရီဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၆) အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၅/၂၆၅)၊ မြေဧရိယာ(၀ဒသမ၈၄)ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၈၁/၂၀၁၆-၂၀၁၇အရ မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီ လီမိတက် အမည်ဖြင့် ရရှိခဲ့ပြီး မင်းဇာနည်ရေလုပ်ငန်း ကုမ္ပဏီလီမိတက် (ကိုယ်စား) ဦးညီမင်း၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ထက်ထက်ဦးဝေ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၄/၂၀၂၂)ဖြင့် ဦးစန်းမောင်၊ ဒေါ်အေးအေးမူ တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်) ၀၀၃၄၇၄၊ ဒေါ်အေးအေးမူ ၆/ထဝန(နိုင်)၀၂၅၈၆၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လို သူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၆)ရပ်ကွက်၊အကွက်အမှတ်(၃)၊ ယိုးဒယားတန်း၊ ဦးပိုင် အမှတ်(၈၅-က)၊ ဧရိယာ(၀ဒသမ၄၃၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာ ရှိသည့်-

(က) အရှေ့လားသော် - နံပါတ် (၁) လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၅၅-က)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၅၅-က)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၈၄-င)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးချမ်းငြိမ်း လှိုင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ မေလ (၁၀)ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက် သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5036, Ford Ranger ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၀/ပမန(နိုင်) ၀၆၂၆၀၉ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/17225 Honda Wave 125 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်အိမွန် ၁၄/ပသန (နိုင်)၂၆၆၃၉၇ ၏ ဖောင်းကြွ နံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာ ပါသည့်ရက်မှစ၍ ဖောင်းကြွ နံပါတ်ပြားအဟောင်းသည် အလို အလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**




## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက် လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁၈)ရက် (သောကြာနေ့)ညတွင် နှစ်သစ်အတွက် မင်္ဂလာရှိသော မြန်မာသံ/ခေတ်ပေါ်စတီရီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"မင်္ဂလာနှစ်သစ်ဦး"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့် မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၈-၄-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မင်္ဂလာနှစ်သစ်ဦး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချမ်းမြေ့ပါစေ | ပြင်ပအဆိုရှင် |
| ၂။ | မြင့်မြတ်သူတို့နှလုံးသား | ဌာနအဆိုရှင် |
| ၃။ | မေတ္တာလေညှင်း | ပြင်ပအဆိုရှင် |
| ၄။ | မင်္ဂလာနှစ်သစ်ဦး | ပြင်ပအဆိုရှင် |
| ၅။ | သံသရာခရီးသွား | တူယှဉ်ခွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ပရဟိတ | ပြင်ပအဆိုရှင် |
| ၇။ | မင်္ဂလာနံနက်ခင်း | ပြင်ပအဆိုရှင် |
| ၈။ | ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေ | ပြင်ပအဆိုရှင် |
| ၉။ | မေတ္တာသံဝေ | ပြင်ပအဆိုရှင် |
| ၁၀။ | မေတ္တာလွှမ်းခြုံ | ပြင်ပအဆိုရှင် |
| ၁၁။ | ရွှင်လန်းချမ်းမြေ့ပါစေ | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(က/၁၈၂)၊ ဧရိယာ (အလျား ၁၂၀ပေ/၂၀၀ပေ x အနံပေ၆၀/ပေ၁၀၀)မြေကွက်သည် ဦးမောင်ဌေး(H/RGN-၀၂၀၀၈၂) ဒေါ်တင်လှ (CA-၀၃၅၂၄၁)၊ ဦးလူထွေး(TKI-၀၁၆၄၁၇)၊ ဦးတင်ရွှေ (ISN-၆၀၄၃၉၂)တို့ (၄)ဦးပူးတွဲ၍ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏မြောက်ဘက်ခြမ်းရှိ (မျက်နှာစာပေ၁၀၀xပေ၈၀/ပေ၆၀) ခန့်ရှိ ဘြိဂံပုံသဏ္ဍာန်ရှိဂရန်သက်တမ်းကုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အမှတ်(က/၁၈၂A)၊ ရိုးကြီးချောင်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်လှမှ တရားဝင်ပိုင်ဆိုင်သောအစုဖြစ်ပါသည်။ ဒေါ်တင်လှသည် (၂၃-၄-၂၀၀၆) ရက်တွင် ၎င်းပိုင်ဆိုင်သောမရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးကို သားသမီးမြေးများအား သတ်မှတ်ခွဲဝေပေးခြင်းစာချုပ်ကို ပြုလုပ်ပြီး ခွဲဝေသတ်မှတ်၍ခံစားခွင့်ပေးခဲ့ပါသည်။ အဆိုပါစာချုပ်အရ အထက်ဖော်ပြပါ ပွဲရုံအဆောက်အအုံနှင့်မြေကွက်ကို သားဖြစ်သူမောင်အေးမောင် (၁၂/လမန(နိုင်)၀၁၈၈၉၂) ကို ခွဲဝေအကျိုးခံစားခွင့်ပေးခဲ့ပါသည်။ ဒေါ်တင်လှသည် (၁၆-၆-၂၀၀၆) တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးအေးမောင်သည် (၁၇-၇-၂၀၂၁) ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်သန်းဝင်း (၁၂/လမန(နိုင်)၀၂၇၅၇၀)မှ ဦးအေးမောင် ပိုင်ဆိုင်သော အထက်ဖော်ပြပါ ပွဲရုံအဆောက်အအုံနှင့်မြေကွက်ကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ဆက်လက်၍ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ထို့ကြောင့်အထက်ဖော်ပြပါ ပွဲရုံ အဆောက်အအုံနှင့်မြေကွက်ကို ဒေါ်ခင်သန်းဝင်း (၁၂/လမန(နိုင်)၀၂၇၅၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက် နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၁၇၂ )**
**B.A(LAW), LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.PSY. WIPO, D.L (101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၅၀၇၁၂၀၆၊ ၀၉ -၉၇၄၇၃၅၆၈၆**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဧပြီ ၁၆ ရက်အထိ သေဆုံးသူ ၃၆၆၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၂၅ ဦးနှင့် ပျောက်ဆုံးသူ ၁၂၉ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၅၂ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၄* ○



အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်တစ်စင်းအား တွေ့ရစဉ်။

## သင်္ကြန်အတက်နေ့တွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)၌ လာရောက်အပန်းဖြေသူများ စိတ်အေးချမ်းစွာ လာရောက်အပန်းဖြေအနားယူ



**ပြင်ဦးလွင် ဧပြီ ၁၆**

မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ကာလတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) ၌ အေးချမ်းစွာ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

ယနေ့သည် သင်္ကြန်အတက်နေ့ဖြစ်သည့် အားလျော်စွာ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)သို့ လာရောက်အပန်းဖြေသူများသည် ခေတ်မီ 5D LED DIGITAL မှန်တံတားနှင့် ကြိုးတံတားများအား ဖြတ်သန်းလမ်းလျှောက်ခြင်း၊Sky Cable စီးနင်းခြင်း သဘာဝတောတွင်း လျှောက်လမ်းတွင် လမ်းလျှောက်ခြင်း၊ ရေပြင်ဖြတ် Floating Jigsaw အား ဖြတ်သန်းခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ကူးရန်နေရာများတွင် တစ်ဦးချင်းနှင့် အုပ်စုလိုက် အလှဓာတ်ပုံများရိုက်ကူးခြင်း၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❄


ယနေ့ သတင်းအညွှန်း

**နေပြည်တော်ကောင်စီနယ်မြေ၌ မြန်မာ့ရိုးရာသင်္ကြန်(အတက်နေ့)တွင် ကုသိုလ်ကောင်းမှုများစွာဖြင့် အေးချမ်းသာယာသော မဟာသင်္ကြန်အဖြစ် ကျင်းပဆောင်ရွက်နိုင်ခဲ့**

ပြည်တွင်းသတင်း စာ ၁၇

**အကြမ်းဖက်သမားများက မုံရွာမြို့ဘက်သို့ ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် ရှော့တိုက်ဒုံးတစ်လုံးအား သိမ်းဆည်းရမိ**

ပြည်တွင်းသတင်း စာ ၂၄